

# ရဝေနွယ်

၊အင်းမ၊

# သံသရာခရီးဖော်

# သံသရာခရီးဖော်

ရဝေနွယ်(အင်းမ)

ဖြန့်ချိရေး
ရွှေနန်းမှန်ကူစာပေ
စာတိုက်သေတ္တာအမှတ် (၃၂၉)
တိုက် (၁၁)၊ အခန်း (၂၀)၊
ဖဆပလ မင်္ဂလာတောင်ညွန့်
ဖုန်း - ၂၄၅၀၂၄၊ ၂၅၄၀၄၁

၂၃၂၈၉


| | |
|---|---|
| အတွင်းခွင့်ပြုချက် | ၁၁၁/ ၂၀၀၂(၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၂၃/ ၂၀၀၂(၃) |
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| | ၂၀၀၂-ခု၊ ဧပြီလ |
| အုပ်ရေ | ၃၀၀၀ |
| မျက်နှာဖုံးဒီဇိုင်း | ဗဂျီလင်းဝဏ္ဏ |
| အတွင်းဖလင် | အေဇက် |
| ကာလာခွဲ | လပ်ကီး |
| ကွန်ပျူတာစာစီ | Smart Computer Media(B-2)အ. မ. က (၁၈)ဆိုင်ခန်း၊ သုဓမ္မလမ်းမကြီး၊မ/ဥက္ကလာ |
| ထုတ်ဝေသူ | ဦးကျော်ဟင်း - ဝ၉၁၀ (ယုံကြည်ချက်စာပေ) ၁၁၁၊ ၃-ထပ်(ယာ)၃၃-လမ်း။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ဒေါ်ခင်အေးမြင့်(ဝ၅၉၀၁) ရာပြည့်အော့ဖ်ဆက် အမှတ်(၁၉၉)၊ လမ်း(၅၀) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| စာအုပ်ချုပ် | ကိုမြင့် |
| တန်ဖိုး | ၂၇၀ ကျပ် |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ | စာရေးသူရဲ့အမှာ | ၄ |
| ၁။ | သံသရာခရီးဖော် | ၇ |
| ၂။ | အကုသိုလ်မှ ကုသိုလ်သို့ | ၁၆ |
| ၃။ | မိမိကိုယ်ကိုမိမိတည်ဆောက်ခြင်း | ၂၁ |
| ၄။ | ကောင်းတဲ့အထုံလေးတွေပါသွားအောင် | ၂၆ |
| ၅။ | ကံနဲ့ကျန်းမာရေး | ၃၁ |
| ၆။ | ကံကောင်းချင်ရင် | ၃၅ |
| ၇။ | အတိတ်ကံနဲ့တင် ပြီးသွားသူများ | ၄၀ |
| ၈။ | အတိတ်ကံနဲ့ အဇ္ဈတ္တသတ် | ၄၅ |
| ၉။ | ကံနဲ့အကျိုးပေးခွင့် | ၅၂ |
| ၁၀။ | ဝါသနာဘာဂီဆက်တိုင်းမီ | ၆၂ |
| ၁၁။ | ကမ္မနိယာမ | ၇၄ |
| ၁၂။ | မျက်မှောက်ခေတ်လူငယ်များ အတုခိုးသင့်သော အဇ္ဈတ္တသတ်၏ လူကြီးနှင့်ဆက်ဆံနည်း | ၈၁ |
| ၁၃။ | မျက်မှောက်ခေတ်အမျိုးသမီးများ အတုယူသင့်သော ဝိသာခါ | ၈၅ |
| ၁၄။ | ကရဝိတ်ငှက်သံကြား၍ သောတာပန်ဖြစ်သူ | ၉၁ |
| ၁၅။ | အဆိပ်ကို အဆိပ်လို့မမှတ်နှင့် | ၉၆ |

## စာရေးသူရဲ့အမှာစာ

၂၀၀၁–ခုနှစ်ကုန်ခါနီး ဒီဇင်ဘာလဆန်းလောက်က ဘာ့ကြောင့်ရယ်မသိပါဘူး၊ ကျွန်မာရေးကတော်တော်လေးချွတ်ယွင်းလိုက်ပါတယ်၊ တစ်ပတ်ကျော်ကျော်လောက်ကုငွေ့ရယ်၊ စာရေးစားပွဲရယ်နဲ့ပဲ မိတ်ဖွဲ့နေရပါတယ်၊ ဒီတော့တခြားလဲလုပ်စရာမရှိတာနဲ့ စာပဲထိုင်ရေးနေမိပါတယ်၊ အထူးသဖြင့်တော့ ကံအကြောင်းလေးတွေပါ၊ ကိုယ့်ကံအကြောင်းကိုယ်တွေးမိရင်း ရေးဖြစ်သွားတာပါ၊ တကယ်တော့ သိပ်အကောင်းစားကြီးမဟုတ်လှတဲ့ ကိုယ့်စိတ်ဓာတ်နဲ့ကိုယ့်ကံကိုသတိပေးတဲ့ သဘောလဲပါပါတယ်၊

လူတစ်ယောက်ရဲ့ အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ် သုံးပါးလုံးဟာ ကံတွေပါပဲ၊ စာလိုပြောရင်တော့ ကာယကံ၊ ဝစီကံ၊ မနောကံပေါ့၊ နောက်တစ်ဆင့်

ထပ်ခွဲရင် ကောင်းကံနဲ့ မကောင်းကံပါ၊ ပုထုဇဉ်ပီပီ ကောင်းတဲ့အပြုအမူ၊ အပြောအဆို၊ အတွေးအခေါ်တွေနဲ့ ဖြတ်သန်းခဲ့ဖူးသလို မကောင်းတဲ့ အပြုအမူအပြောအဆို အတွေးအခေါ်တွေနဲ့ လဲဖြတ်သန်း ခဲ့ဖူးပါတယ်၊ ကောင်းကံတွေအတွက် အထူးတွေးစရာ မလိုပေမယ့် မကောင်းကံတွေအတွက်ကျတော့ မတွေးလို့ မဖြစ်ပါဘူး၊ လွှတ်ထားရင် လွှတ်ထားသလို သွားနေမှာကိုး၊ ဒါကြောင့်တချို့စာတွေဟာ ဘဝနဲ့ယှဉ်ပြီး တွေးဖြစ်ရေးဖြစ်လိုက်တာပါ၊ တစ်နည်းအားဖြင့်ပြောရရင် ကိုယ့်ကိုယ်ကို သတိပေးတဲ့အနေနဲ့ ရေးလိုက်တာပါ၊ စာဖတ်ပရိသတ်လဲ မိမိနည်းတူ၊ ဒါမှမဟုတ် မိမိထက်ပိုတွေးဖြစ်ကြမှာပါ၊ ဒါဆို ရေးသူ ဖတ်သူနှစ်ဦးအတွက် တစုံတရာ အကျိုးသက်ရောက်မှုတော့ ရှိမှာပါ။

× × × × × ×

ကျန်းမာရေးမကောင်းတုန်းရေးဖြစ်ခဲ့တဲ့ စာတွေရယ်၊ ၉၂–၉၃ ခုနှစ်လောက်ဆီက သစ္စာမဂ္ဂဇင်းမှာရေးခဲ့တဲ့ စာမူဟောင်း (၄)ပုဒ်ရယ်ကိုပေါင်းပြီး ထုတ်ဝေလိုက်ပါတယ်၊ ၂၀၀၁–ခုနှစ်ကုန်ခါနီး ရေးခဲ့တဲ့စာနဲ့ ၉၂–၉၃ခုနှစ် လောက်မှာ ရေးခဲ့တဲ့စာဟာ ဆယ်စုနှစ် တစ်စုနီးပါးတော့ ကွာခဲ့ပါပြီ၊ ဒါကြောင့်အရေးအသား၊ အတွေးအခေါ်တွေလဲ ကွာချင်ကွာနေပါလိမ့်မယ်၊ ဒါပေမယ့် မကွာတာတစ်ခုတော့ ရှိပါတယ်၊ အဲဒါကတော့ ဝါသနာကိုအခြေခံတဲ့ ယုံကြည်ချက်ပါပဲ။

မိမိရဲ့စာအုပ်များကို စဉ်ဆက်မပြတ်ထုတ်ဝေနိုင်ရေးအတွက် နဝကမ္မဝတ္ထုငွေ မ,တည်လှူဒါန်းပေးတဲ့ အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) အပါအဝင်စာအုပ်ဓမ္မဒါန အလှူရှင်များ၊ စာမူများကို ထည့်သွင်း ဖော်ပြပေးခဲ့ကြတဲ့ မဂ္ဂဇင်း ဂျာနယ်များ၊ အခြားစာအုပ်နဲ့ နွယ်ရာမိတ်ဆွေများ အားလုံး အားလုံးကို ကျေးဇူးတင်ပါတယ်။

စာဖတ်ပရိသတ်ကို

အစဉ်ထာဝရချစ်ခင်လျက်

ရဝေနွယ် (အင်းမ)

၂၄-၁၂-၂၀၀၁

# ၁။ သံသရာ ခရီးဖော်

သံသရာခရီးက အရှည်ကြီးပါနော်၊ ရှေ့ဆက်ပြီး ဘယ်လောက်အထိ လျှောက်နေရဦးမယ်ဆိုတာလဲ မခန့်မှန်းနိုင်သေးပါဘူး၊ လျှောက်တာတော့ လျှောက်နေရဦးမှာပါပဲ။ အဲဒီလို သံသရာ ခရီးတစ်လျှောက်မှာ ကောင်းတာတွေလဲ ကြုံရမယ်၊ မကောင်းတာတွေလဲ ကြုံရမယ်၊ ဒါကို လောကဓံ တရားလို့ဆိုပေမယ့် ဒီအကောင်းအဆိုးနှစ်ခုကို ကိုယ်ပြုခဲ့တဲ့ ကံကပဲ ဖန်တည်းပေးတာပဲလေ၊ ဒီအတွက် ဘယ်သူ့ဘယ်သူ့ အပေါ်မှ အပြစ်တင်နေလို့လဲ မရပါဘူး၊ တကယ် အပြစ်တင်ချင်ရင် ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရမှာပါ၊ ဒီကံတွေကို ကိုယ်ပဲ ကျေကျေနပ်နပ်နဲ့ ပြုခဲ့တာကိုး၊ ဒါကို ကိုယ်က ပစ္စုပ္ပန်ဘဝ, ပစ္စုပ္ပန်တည့်တည့်အချိန်မှာ သဘောပေါက်ဖို့၊ ဒါမှမဟုတ် အပ္ပမာဒခေါ်တဲ့ သတိတရားရှိလိုက်ဖို့ပါပဲ။

သံသရာခရီးက အရှည်ကြီး၊ ဒီခရီးတစ်လျှောက်မှာ

အဖော်ဆိုတာလိုအပ်ပါတယ်၊ သံသရာခရီးဖော်ပေါ့။ သံသရာခရီးဖော်ဆိုတာ ကခြားမဟုတ်ပါဘူး၊ ကံဆိုတဲ့ ခရီးဖော်ပါပဲ၊ အဲဒီ ကံဆိုတဲ့ ခရီးဖော်က သက်ရောက်မှုအား လျော်စွာ သံသရာ ခရီးတစ်လျှောက်မှာ ကိုယ့်ကို ကောင်း တာတွေလဲ ဖန်တီးပေးလိမ့်မယ်၊ မကောင်းတာတွေလဲ ဖန်တီးပေးလိမ့်မယ်၊ ဒါကို ကိုယ်က လိမ္မာပါးနပ်စွာနဲ့ ကောင်းတဲ့ခရီးဖော်ကို ရွေးချယ်စိစစ်ခေါ်သွားတတ်ဖို့ပါပဲ၊ ခရီးဖော် အခေါ်မှားခဲ့ရင်တော့ သံသရာ ခရီးတစ်လျှောက် ပင်ပန်းပါလိမ့်မယ်။

"ကံဆိုတာ ခရီးဖော်၊ ခရီးဖော်ဆိုတာကံ"ဆိုတော့ ကံတွေကလဲ အများသား၊ ဒါနကံ၊ သီလကံ၊ ဘာဝနာကံ စသည်ဖြင့်ပေါ့၊ ကိုယ်က ဒီဘဝ ဒီခန္ဓာ အပြတ်နိဗ္ဗာန်ရ အောင် ကျင့်တော့မယ်၊ ရလဲရမယ် ဆိုရင်တော့ ဝိပဿနာ ကံ တစ်ခုတည်းနဲ့ပဲ သွားလို့ရပါတယ်၊ အဲဒီလိုမှ မဟုတ်ဘဲ အဆုံးအစ မသိတဲ့ သံသရာဆိုတဲ့ ခရီးရှည်ကြီးကို လျှောက် နေရဦးမယ်ဆိုရင်တော့ ခေါ်လို့အလွယ်ကူဆုံးဖြစ်တဲ့ ခေါ်လဲ ခေါ်သွားသင့်တဲ့ ခရီးဖော်ကတော့ ဒါနကံဆိုတဲ့ ခရီးဖော်ပါ ပဲ၊ ဘာဖြစ်လို့ ဒီစကား ပြောရသလဲဆိုတော့ သံသရာခရီး တစ်လျှောက် မပင်ပန်းအောင်လို့ပါ။

ဒါနဲ့ပတ်သက်ပြီး သံသရာခရီးရှည်ကြီးကို လျှောက်ခဲ့ပြီး နောက်ဆုံးရဟန္တာဖြစ် နိဗ္ဗာန်ရသွားတာခြင်း တူပေမယ့် ဒါနကံပါခဲ့တဲ့ ရဟန်းနဲ့ မပါခဲ့တဲ့ရဟန်း သူငယ်

ချင်းနှစ်ပါးအကြောင်းကို ပြောပြပါရစေ၊

ကဿပဘုရားရှင်–လက်ထက်တော်တုန်းက တရားကျင့်နေကြတဲ့ သူငယ်ချင်းရဟန်းနှစ်ပါးရှိပါတယ်၊ အတူတကွ နေကြတယ်ဆိုတော့ တစ်ပါးအပေါ်တစ်ပါးလဲ တော်တော်လေး သံယောဇဉ်ရှိကြပုံပေါ်ပါတယ်၊ အဲဒီ နှစ်ပါးမှာ တစ်ပါးက သာရဏီယဝတ်တရားကို ဖြည့်ကျင့်ပါတယ်၊ တစ်ပါးက ဘတ္တဂ္ဂဝတ်တရားကိုဖြည့်ကျင့်ပါ တယ်၊ သာရဏီယဝတ်ဆိုတာ ဂိလာန၊ အာဂန္တု၊ ပဥ္စင်းသစ် အစရှိတဲ့ရဟန်းတွေကို ဆွမ်းကို ပိုပိုလျှံလျှံ ခံပြီးလုပ်ကျွေး တာပါ။ ကိုယ်က ပိုမှစားတယ်၊ မပိုရင်ထပ်ဆွမ်းခံစား တယ်၊ ဒီထက် ပိုလျှံရင် ကျေးငှက်တွေကိုကျွေးမယ်၊ အဲဒီလို ပါ၊ ဘတ္တဂ္ဂဝတ်ဆိုတာက တရားဟောခြင်း၊ ရဟန်းကြီးကို တိုးဝှေ့၍ မနေမထိုင်ခြင်း ရဟန်းငယ်ကို နေရာဖြင့် မသတ် မှတ်ခြင်းစတဲ့ ဆွမ်းစားဇရပ်မှာ ပြုကျင့်ရတဲ့ဝတ်ပါ၊ သာရဏီယဝတ်က ဒါနကံဖြစ်ပြီး ဘတ္တဂ္ဂဝတ်က သီလကံ ဖြစ်ပါတယ်၊ ဒါနပြုတဲ့ရဟန်းနဲ့ သီလဖြည့်ကျင့်တဲ့ ရဟန်းပေါ့။

ဒါနကံပြုတဲ့ရဟန်းက သီလကံဖြည့်ကျင့်တဲ့ ရဟန်းကို ဘာပြောသလဲဆိုတော့ "ငါ့ရှင် ဒါနမပြုတဲ့သူမှာ ဘာအကျိုးမှ မဖြစ်ဘူး၊ မိမိရတဲ့ လာဘ်လာဘကို သူတစ်ပါး ကို လှူပြီးမှ သုံးဆောင်သင့်တယ်" …တဲ့။

ဒီတော့ သီလကံ ဖြည့်ကျင့်နေတဲ့ ရဟန်းက "ငါ့ရှင်

သင်ဘာမှ မသိပါလား၊ သူတစ်ပါးပေးလှူတဲ့ ပစ္စည်း ကို သူတစ်ပါးကိုပြန်ပေးပြီး ဖျက်ဆီးခြင်းငှာမသင့်ဘူး၊ ရဟန်းဆိုတာ ကိုယ့်အတွက် မျှတရုံလောက်သာ ဆွမ်းခံပြီး သီလကံဖြစ်တဲ့ ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်နေသင့်တယ်" လို့ ပြန်ပြောပါတယ်။

ဒါပေမယ့် အဲဒီရဟန်းနှစ်ပါးဟာ တစ်ပါးရဲ့အယူကို တစ်ပါးက မချေဖျက်နိုင်ကြပါဘူးတဲ့၊ ဒီလိုနဲ့ တရားတွေကျင့်ရင်း ကွယ်လွန်တဲ့အခါ ကာမာဝစရနတ်ပြည်မှာ သွားဖြစ်ကြတယ်တဲ့၊ နတ်ဖြစ်တဲ့အခါ ဒါနပြုခဲ့တဲ့ ရဟန်းက သီလကျင့်ခဲ့တဲ့ရဟန်းထက် အကျိုးငါးပါး ပိုရပါသတဲ့။

ဒီလိုနဲ့ ရဟန်းနှစ်ပါး နတ်ပြည် လူ့ပြည် သံသရာ ကျင်လည်ကြရင်း ဂေါတမ ဘုရားရှင်လက်ထက်ရောက်လာတော့ သာဝတ္ထိပြည်မှာ လူလာဖြစ်ကြပါတယ်။ အဲဒီမှာ ထူးခြားတာက ဒါနပြုခဲ့တဲ့ ရဟန်းက ကောသလမင်းကြီးရဲ့ မိဖုရားကြီးရဲ့ ဝမ်းမှာပဋိသန္ဓေယူပြီး သီလဖြည့်ကျင့်ခဲ့တဲ့ ရဟန်းကတော့ ဖိဖုရားကြီးရဲ့ အလုပ်အကျွေးဖြစ်တဲ့ မိန်းမရဲ့ ဝမ်းမှာ ပဋိသန္ဓေယူပါတယ်၊ မွေးဖွားတော့လဲ တစ်ရက်တည်း အတူပါပဲတဲ့။ အဲဒီ ကလေးနှစ်ယောက်ကို နာမည်ပေးတဲ့နေ့မှာ ရေချိုးပြီး ကျက်သရေရှိတဲ့ တိုက်ခန်းမှာ အိပ်စေလိုက်ပါတယ်၊ မိဘနှစ်ပါးလုံးကတော့ အပြင်ထွက်ပြီး ကလေးတွေအတွက် တိုင်ပင်နေကြပါတယ်။

အဲဒီအချိန်မှာ ဒါနပြုခဲ့တဲ့ ရဟန်းက မျက်လုံးကို

ဖွင့်ကြည့်လိုက်ပါတယ်။ ခေါင်းပေါ်မှာ ထီးဖြူကြီး မိုးထား တာရယ် ကျက်သရေရှိတဲ့ အခင်းတွေနဲ့ ပြုပြင်မွမ်းမံပေး ထားတာရယ်ကို မြင်လိုက်တော့ မင်းတစ်ပါးရဲ့အိမ်မှာ မင်းသားဖြစ်နေပြီဆိုတာ သိလိုက်ပါသတဲ့၊ ဘယ်လိုကောင်း မှုကံတွေ ပြုခဲ့လို့ ဒီလိုစည်းစိမ်တွေ ရပါလိမ့်ဆိုပြီး ဆင်ခြင် လိုက်တော့ ဒါနပြုခဲ့တဲ့ကံကို သိလိုက်ပါသတဲ့။ နောက်– သူငယ်ချင်းရဟန်းဘယ်မှာ ဖြစ်နေသလဲလို့ ကြည့်လိုက်ပါ တယ်။ မိမိအနားက နိမ့်တဲ့ ကုဋင်အိပ်ရာမှာ ပက်လက် ကလေးအိပ်နေတာ တွေ့လိုက်တော့ "သူဟာ သီလကံပဲ ဖြည့်ကျင့်ခဲ့တယ် ဒါနပြုပါ ပြောတဲ့ငါရဲ့စကားကို လက်မခံ ခဲ့ဘူး၊ ယခုအချိန်မှာ ငါသူ့ကို ပြောဖို့ အခွင့်သာပြီး"ဆိုပြီး ကလေးတွေ အပြန်အလှန် ပြောပုံကို ကြည့်ပါဦး"

"ကိုယ့်လူ သင်ဟာ ငါရဲ့စကားကို နားမထောင် ခဲ့ဘူး"

"အို…ဘာဖြစ်နေတာလဲ"

"ငါ့ရဲ့ ပြည့်စုံမှုတွေကို ကြည့်လိုက်စမ်း၊ အပေါ်မှာ ထီးဖြူမိုးထားတယ်၊ အောက်မှာ ကျက်သရေရှိတဲ့ အခင်းနဲ့၊ ကျက်သရေရှိတဲ့ ကုဋင်နဲ့၊ သင်ကတော့ ငါ့အောက်နိမ့်တဲ့ ကုဋင်၊ ကြမ်းတမ်းတဲ့ အခင်းနဲ့အိပ်နေရတယ်၊ ဒါ–ငါပြုခဲ့ တဲ့ ဒါနအကျိုးတွေပဲ၊ ဒါန ပြုပါပြုပါလို့ပြောတော့ သင်ဟာ ငါ့ရဲ့စကားကို နားမထောင်ခဲ့ဘူး၊ ခုတော့ ဘယ်နှယ့်ရှိစ"

"သင်ဟာ ဒီပြည့်စုံမှုတွေကိုမှီပြီး မာနဖြစ်နေတာ

လား၊ ဝါးဇရပ်မှာပဲ နေရ နေရ၊ ဒီထက်ကောင်းတဲ့ နေရာမှာပဲ နေရ နေရ၊ ဒါတွေဟာ ပညတ်အားဖြင့် ကွဲချင် ကွဲမယ်၊ ပရမတ်အားဖြင့် ကြည့်ရင်တော့ အကုန်လုံး ပထဝီဓာတ်ချည်းပဲ မဟုတ်လား"

ကလေးနှစ်ယောက်အပြန်အလှန် ပြောနေကြတဲ့ စကားတွေကို ကြားသွားသူက အစ်မဖြစ်သူ သုမနာ မင်းသမီး၊ ဒီတော့သုမနာ မင်းသမီးက ဘယ်လိုစဉ်းစားသလဲဆိုတော့"ငါ့ရဲ့ မောင်ငယ်တွေဟာ ဓာတ်ဆိုတဲ့ စကားတွေကို ပြောနေကြတယ်၊ ငါ့ရဲ့ မောင်ငယ်တွေဟာ ဧကန်ရဟန်းနတ်သားဘဝက လာသူတွေ ဖြစ်လိမ့်မယ်၊ ဒီအကြောင်းတွေကို မိဘတွေကိုသာ ပြောခဲ့ရင် ကလေးတွေကို ဘီလူးတွေလို့ ထင်ကြလိမ့်မယ်။ ဒါကို ဘယ်သူမှ မပြောဘဲ ဘုရားရှင်ဆီ သွားမေးတာ အကောင်းဆုံးဖြစ်မယ်" ဆိုပြီး မြတ်စွာဘုရားဆီ ထွက်ခဲ့ပါတယ်။

သုမနာ မင်းသမီးမေးပြီး မြတ်စွာဘုရား ဖြေပြထားတာလေးတွေက ဒါနချစ်သူတွေအတွက် အားတက်စရာပါ၊ မောင်ငယ်နှစ်ဦးနဲ့နွယ်ပြီး သုမနာ မင်းသမီး မေးဖြစ်တာလေးတွေပါ။

"အရှင်ဘုရား.. သာသနာတော်မှာ တပည့်သာဝက နှစ်ဦးဟာ သဒ္ဓါ သီလ ပညာတူကြပါတယ်၊ ဒါပေမယ့် တစ်ဦးက ပေးလှူတယ်၊ တစ်ဦးက မပေးလှူပါ၊ ဒီသာဝက နှစ်ဦးသေလွန်တဲ့အခါ နတ်ပြည်ရောက်ပါတယ်၊ အဲဒီ

သာ၀ကနှစ်ဦး နတ်ဘ၀မှာ ထူးခြားမှုရှိပါသလားဘုရား"

"သုမနာ ထူးခြားတယ်၊ ပေးလှူသူက မပေးလှူသူ ထက်၊ အသက်, အဆင်း, ချမ်းသာ, အခြံအရံ, အစိုးရခြင်း ငါးမျိုးနဲ့ လွှမ်းမိုးနိုင်တယ်။"

"အရှင်ဘုရား ထိုသူနှစ်ဦး နတ်ဘ၀က စုတေပြီး လူ့ဘ၀ရောက်ရင်ကောဘုရား"

"လူ့ဘ၀ရောက်ရင်လဲ ပေးလှူသူက အကျိုး ငါးမျိုးနဲ့ လွှမ်းမိုးနိုင်တယ်။

"ရဟန်းပြုခဲ့ရင်ကော ဘုရား"

"ရဟန်းပြုခဲ့ရင်လဲ ပေးလှူသူက အကျိုးငါးမျိုး သာလွန်တယ်"

"အရှင်ဘုရား အဲဒီရဟန်းနှစ်ပါး ရဟန္တာဖြစ်သွား ခဲ့ရင်ကောဘုရား"

"ရဟန္တာဖြစ်သွားရင်တော့ အရဟတ္တဖိုလ် တစ်ခုနဲ့ အရဟတ္တဖိုလ်တစ်ခု အနည်းငယ်မျှ ခြားနားတယ်လို့ ငါဘုရား ဟောတော်မမူဘူး"

မြတ်စွာဘုရားရှင်ရဲ့ အဖြေစကားတွေ ကြားရတော့ သုမနာမင်းသမီးလဲ တော်တော်လေး သဘောကျသွားပါ တယ်၊ နောက် မြတ်စွာဘုရားက ဒါနဟာ နတ်ကော လူကော ရဟန်းကော ကျေးဇူးပြုတတ်တဲ့အကြောင်း ဆက် ဟောပေးပါတယ်။

ဒီနေရာမှာ "ဒါနနဲ့ရဟန်း"ဆိုတဲ့ စကားနဲ့ ပတ်

သက်ပြီး ဗာဟိယဒါရုစိရိယ အကြောင်းကလဲ သတိထား စရာပါ၊ သူက ဟိုဘက်ကာလက အနှစ်နှစ်သောင်းလောက် ရဟန်းတရား ကျင့်ခဲ့ဖူးပါတယ်၊ ဒါပေမယ့် သူ့ခံယူချက်က ဘယ်လိုလဲဆိုတော့ "ရဟန်းဆိုတာ အလှူခံသူသာ ဖြစ်တယ်၊ ပေးလှူသူ မဟုတ်ပါဘူး"တဲ့၊ သူ့ခံယူချက်အတိုင်း ဘယ်ရဟန်းကိုမှ သပိတ်တစ်လုံး၊ သင်္ကန်းတစ်ထည် မလှူဖူးပါဘူးတဲ့၊ ဒီလိုနဲ့ ဂေါတမဘုရားရှင်လက်ထက် ရောက်လာတော့ လူ့ဘဝနဲ့တရားနာရင်း ရဟန္တာဖြစ်သွား ပါတယ်၊ ရဟန်းပြုပေးဖို့ မြတ်စွာဘုရားကို လျှောက်တော့ သင်္ကန်းပြည့်စုံပြီလား မေးတာနဲ့ သင်္ကန်းရှာရင်း သင်္ကန်းမရ ခင်မှာဘဲ နွားဝှေ့ပြီး လူ့ဘဝနဲ့ပဲ ပရိနိဗ္ဗာန်ပြုသွားရှာပါ တယ်၊ သင်္ကန်းရစရာလဲ အကြောင်းမရှိဘူးလို့ ဆိုပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သံသရာခရီးတစ်လျှောက် ဘယ် ရဟန်းကိုမှ သင်္ကန်းမပေးလှူခဲ့ဖူးလို့ပါတဲ့။

တကယ်တော့ ဒါနဆိုတာ ပေးလှူလိုတဲ့ စေတနာ ရယ်၊ ပစ္စည်းဝတ္ထုရယ်၊ အလှူခံပုဂ္ဂိုလ်ရယ် ဒီသုံးခု ပြည့်စုံ ရင် ဖြစ်သွားတာပါပဲ၊ အလှူခံပုဂ္ဂိုလ်ဆိုတာကလဲ ဘုရား ကနေ တိရစ္ဆာန်အထိ အလှူခံပုဂ္ဂိုလ် (၁၄)ယောက်တောင် ရှိနေတာဆိုတော့ မရှားလှပါဘူး၊ နောက်ပစ္စည်းဝတ္ထုဆိုတာ လဲ သူ့အတိုင်းအတာနဲ့သူတော့ ရှိနေကြတာပါပဲ၊ အဲဒီမှာ အဓိက ကတော့ပေးလှူလိုတဲ့ စေတနာပါပဲ၊ နည်းတယ်များ တယ် မဟုတ်ပါဘူး၊ ကိုယ့်ဝန်, ကိုယ့်အားနဲ့ ညီမျှတဲ့အလှူ

ကို လှူဖြစ်ဖို့ပါ။

ဒီဘဝ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ရသွားမယ်ဆိုရင် တော့အထူးပြောနေစရာ မလိုတော့ပါဘူး၊ ဒါပေမယ့် ရဟန္တာ မဖြစ်သေးခင် သံသရာ ကျင်လည်နေရဦးမယ် ဆိုရင်တော့ ဒါနဟာ ရဟန်းအတွက်ကော လူအတွက်ကော သံသရာခရီး ဖော်ကောင်း တစ်ဦးပါပဲလေ။

## ၂။ အကုသိုလ် မှ ကုသိုလ်သို့

တချို့အကုသိုလ်တွေဟာ လောကီသဘောနဲ့ ပြောရရင် ကိုယ့်အတွက် ပစ္စက္ခအခိုက်အတန့်တော့ အကျိုးရှိပါတယ်၊ ဥပမာ–သူတစ်ပါးပစ္စည်းခိုးတယ် ဆိုပါတော့၊ လော လောဆယ်မှာတော့ ခိုးသူမှာ ခိုးလို့ရလာတဲ့ ပစ္စည်းကို သုံးဆောင်ခံစားရခြင်းဆိုတဲ့ အကျိုးရှိပါတယ်၊ နောက်ပိုင်းရဲ့ကဖမ်းတာတို့၊ အဒိန္နာဒါနရဲ့ အကျိုးအပြစ်ကို ခံစားရတာတို့ကတစ်ပိုင်းပါ၊ အရက်သောက်တယ်ဆိုရင်လဲ ကိုယ့်ရဲ့ ရသတဏှာဆန္ဒတော့ ပြေသွားတာပါပဲ၊ လောကီပစ္စက္ခ အကျိုးတွေ လောလောဆယ်ခံစားလိုက်ရတဲ့ အကုသိုလ်ကံတွေပါ။

အထက်က ပြောခဲ့တဲ့ အကုသိုလ်တွေလို လောကီ

သဘောအရ ကိုယ့်အတွက်ဘာအကျိုးမှမရှိ၊ နေရင်း ထိုင်ရင်း လွယ်လွယ်နဲ့ ဖြစ်ဖြစ်နေတတ်တဲ့ အကုသိုလ် ကတော့ ဣဿာနဲ့မစ္ဆရိယပါ။

ဣဿာဆိုတာက သူတစ်ပါးစည်းစိမ်ကို မနာလိုတာ ငြူစူတာ၊ မစ္ဆရိယဆိုတာက မိမိစည်းစိမ်ကို ဝန်တိုတာ မပေးလိုတာပါ၊ ဣဿာက သူတပါး ပစ္စည်းနဲ့ဆက်စပ်ပြီး မစ္ဆရိယက မိမိရဲ့ ပစ္စည်းနဲ့ ဆက်စပ်နေပါတယ်။ ဣဿာရဲ့ သဘောက မနာလိုခြင်း ငြူစူခြင်းဆိုတဲ့အတိုင်း သူတစ်ပါးက ရှေးအတိတ်ကုသိုလ်ကံအလျောက် ရုပ်အဆင်း လှနေတာ ပစ္စည်းဥစ္စာ ပေါများနေတာ ပညာတတ်ဖြစ်နေတာတွေကို တိုက်ရိုက်မြင်တွေ့ရရင် ဖြစ်ဖြစ်၊ တဆင့်စကားနဲ့ ကြားရရင် ဖြစ်ဖြစ် ဝမ်းမြောက်တဲ့ မုဒိတာစိတ် ဖြစ်ရမယ့်အစား "အလကားပါကွာ သူ့အဖေကြောင့် ဖြစ်နေတာပါ" စသည့် ဖြင့်ပြန်ပြောပြီး မနာလိုမှု ငြူစူမှု ဖြစ်တာပါ၊ အထူးသဖြင့် ဣဿာရဲ့သဘောက ကိုယ့်ထက်သာတဲ့သူအပေါ်မှာ ဖြစ်လေ့ရှိပါတယ်။

မစ္ဆရိယကလဲ မနာလိုတတ်တဲ့ ဣဿသဘော အတိုင်းပါပဲ၊ ကိုယ်ရဲ့နေရာ ရာထူးမျိုးသူတစ်ပါးကို မဖြစ် ထွန်းလိုဘူး ကိုယ့်အမျိုး, တပည့်, ဆရာတွေနဲ့ သူတစ်ပါးကို မသိကျွမ်းစေလိုဘူး၊ ကိုယ်ရထားတဲ့ ဥစ္စာစည်းစိမ်မျိုး သူတစ်ပါးကို မရစေလိုဘူး၊ ကိုယ့်ရဲ့ ရုပ်အဆင်း အောင်မြင် ကျော်ကြားမှုမျိုး၊ သူတစ်ပါးကိုမလှစေလို မအောင်မြင်စေလို

မကျော်ကြားစေလိုဘူး၊ ကိုယ်တတ်ထားတဲ့ ပညာမျိုး သူတစ်ပါး တတ်သွားမှာ မလိုလားဘူး၊ ဒါတွေဟာ မစ္ဆရိယရဲ့ သဘောတွေပါ၊ စာမှာတော့ ဣဿာ မစ္ဆရိယရဲ့ အကျိုး အပြစ်တွေကို ပြထားတာ တခမ်းတနားပါပဲ။

ဒီတရား နှစ်ပါးဟာ ကိုယ့်အတွက်လည်း အကျိုး မရှိ၊ သူတစ်ပါးအတွက်လဲ အကျိုးမရှိတဲ့ တရားတွေပါ၊ ပြီးတော့ သံသရာမှာ အလွန်ကြောက်ဖို့ကောင်းတဲ့ တရားတွေ ဖြစ်ပါတယ်။ ဒီတော့ ဘာလုပ်မလဲ၊ ကိုယ်က သတိဉာဏ် ယှဉ်ဖို့ပါပဲ၊ ပုထုဇဉ်တွေဆိုတော့ အကုသိုလ် ဖြစ်စရာ အာရုံတွေနဲ့ ကြုံလာရင်ဖြစ်မှာပါပဲ၊ စိတ်မပျက်ပါနဲ့၊ ဝိပဿနာရှုမှတ်ပြီး ပယ်သတ်လိုက်ပါ။

ဒီနေရာမှာ ဝိပဿနာရှုမှတ်ပုံနဲ့ ပတ်သက်ပြီး နည်းနည်းပြောပြပါရစေ၊ ဝိပဿနာရှုမှတ်တယ်ဆိုတာ ပစ္စုပ္ပန်ဖြစ်ဆဲ ဖြစ်ခိုက် ရုပ်နာမ်ကို ရှုမှတ်ရတာပါ၊ ပစ္စုပ္ပန် တည့်တည့်အချိန်မှာ ကိုယ့်ရဲ့ရုပ်ဟာဘာဖြစ်နေသလဲ၊ ထိုင်နေသလား၊ သွားနေသလား၊ စားနေသလား၊ ထိုင်နေ ရင်လဲ တင်ပါးနဲ့ ထိုင်ခုံနဲ့ ထိနေတဲ့သဘောလေးဆီကို စိတ်ကိုပို့လိုက်ပြီး "ထိုင်တယ်၊ ထိုင်တယ်"လို့ သတိကပ်ပြီး ရှုမှတ်နေရပါတယ်၊ ကော်ဖီခွက်ကိုင်ရင်လဲ 'ကိုင်တယ် ကိုင်တယ်' သောက်ရင်လဲ 'သောက်တယ် သောက်တယ်' စသည်ဖြင့် ရုပ်ရဲ့ ပစ္စုပ္ပန်တည့်တည့် အမူအရာကို ရှုမှတ် ရပါတယ်။

ဒီလိုပါပဲ၊ နာမ်ဖြစ်တဲ့ စိတ်ကကော ဘာဖြစ်နေသလဲဆိုတာ သတိကပ်လိုက်ပါ၊ ရာဂဖြစ်နေသလား၊ ဒေါသဖြစ်နေသလား၊ ပီတိဖြစ်နေသလားစသည်ဖြင့် ပစ္စုပ္ပန်တည့်တည့်မှာ ဖြစ်နေတဲ့ ကိုယ့်ရဲ့စိတ်ကို ရှုမှတ်ရမှာပါ။

ဥပမာပဲထားပါတော့၊ ဂျာနယ်အယ်ဒီတာတစ်ယောက် ကိုယ့်ရဲ့ပြိုင်ဘက် ဂျာနယ်တစ်စောင်က သူတို့ရဲ့ကံဉာဏ် ဝီရိယတွေကြောင့် စောင်ရေတွေ တအားထိုးတက်သွားပြီး ကိုယ့်ထက်သာသွားပြီ၊ ကိုယ့်ထက်အောင်မြင်သွားပြီပဲ ဆိုပါတော့၊ ဒီအချိန်မှာ ကိုယ့်ထက်သာရင်ဝင်လာလေ့ရှိတဲ့ မနာလိုတဲ့ ဣဿာကဝင်လာပြီဆိုပါတော့။

"ငါတော့ ဣဿာဖြစ်နေပြီ၊ ဣဿာဆိုတာ အကုသိုလ်၊ အကုသိုလ်ဖြစ်ရင် အကုသိုလ်ရဲ့အကျိုး၊ အပြစ်တွေကိုတော့ ခံရတော့မှာပဲ" စသည်ဖြင့် ဝေဘန်စဉ်းစားသုံးသပ်မနေပါနဲ့၊ ဝိပဿနာဆိုတာ ဝေဘန်စဉ်းစားသုံးသပ်နေရတဲ့ အရာမဟုတ်ပါဘူး၊ ပစ္စုပ္ပန်တည့်တည့်ဖြစ်နေတဲ့စိတ်ကိုပဲရှုမှတ်ရမှာပါ၊ အခုပစ္စုပ္ပန်တည့်တည့်မှာ ဣဿာဖြစ်နေတာဆိုတော့ ဖြစ်နေတဲ့ဣဿာစိတ်ကလေးဆီကို သတိကပ်လိုက်ပါ၊ ပြီးတော့ "ဣဿာဖြစ်တယ် ဣဿာဖြစ်တယ်"ဆိုပြီး မှတ်နေလိုက်ပါ။

ခဏကြာတော့ ပျောက်သွားပါလိမ့်မယ်၊ မပျောက်သေးရင်လဲ ဆက်မှတ်ပါ၊ ဒါဟာ ဝိပဿနာရှုမှတ်လိုက်

တာပါပဲ၊ အဲဒီလို ရှုမှတ်လိုက်နိုင်ပြီဆိုရင်ပဲ အမြတ်ဆုံး ဘာဝနာ ကုသိုလ်ဖြစ်သွားပါပြီ၊ အကုသိုလ်ကနေ ကုသိုလ် ဖြစ်သွားတာပါ၊ ဖြစ်တုန်းကတော့ အကုသိုလ်ပါပဲ၊ ဒါပေမဲ့ ကိုယ်က သတိရှိပြီး ဝိပဿနာရှုမှတ်ပစ်လိုက်တော့ ကုသိုလ်ဖြစ်သွားပါတယ်။ ဥပမာ ပြောရရင် (ဥပမာက နိမ့်နေမလား မပြောတတ်ပါဘူး) ငါးကြင်းဆီနဲ့ ငါးကြင်း ကြော်လိုက်တဲ့ သဘောပါ။

အကုသိုလ်ဆိုတာ အဖြစ်သိပ်လွယ်ပါတယ်၊ အဆင်း ဘီးတပ်ပေးလိုက်သလိုပါပဲ၊ ကုသိုလ်ကျတော့ အမြင့်ကို ဝန်တစ်ခု လွယ်ပြီး တက်နေရသလိုပါပဲ၊ ဖြစ်ဖို့ အလွန်ခက်ခဲပါတယ်။ ဒါပေမယ့် ကိုယ်က အပ္ပမာဒခေါ်တဲ့ သတိတရားရှိဖို့သာ အရေးကြီးပါတယ်။

အကုသိုလ်စိတ် ဖြစ်ပြီဟော့ဆိုတာနဲ့ ဝိပဿနာ ရှုမှတ်လိုက်ပါ။ ဒါဆို အကုသိုလ်ကနေ အမြတ်ဆုံ ဘာဝနာ ကုသိုလ် ဖြစ်သွားပါလိမ့်မယ်။

အလင်းတန်းဂျာနယ်

၁၄-၁-၀၂

သုတေသနစာကြည့်တိုက်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။

## ၃။ မိမိကိုယ်ကို မိမိတည်ဆောက်ခြင်း

ကိုယ့်ကိုယ်ကို ဆန်းစစ်ကြည့်မိတိုင်း အားနည်းချက်တော်တော်များများကို တွေ့ရပါတယ်။ အဲဒီ အားနည်းချက်တွေကတော့ လောဘ ဒေါသ-ဖြစ်စရာ အာရုံတွေနဲ့ တွေ့ရင် လောဘ ဒေါသဖြစ်လိုက်မိတာပါပဲ၊ ဣဿာမစ္ဆရိယ အာရုံနဲ့တွေ့ရင် ဣဿာမစ္ဆရိယ ဖြစ်လိုက်မိတာပါပဲ၊ အကုသိုလ်ဖြစ်ရင် အကုသိုလ်ရဲ့ အကျိုးအပြစ်တွေ ခံစားရမှာ သိထားလေတော့ တွေးမိတိုင်း စိတ်ဆင်းရဲမိပါတယ်။

ဘယ်လောက်အထိ ဖြစ်မိသလဲဆိုရင် တစ်ခါက မိမိဝန်းကျင်မှာ နွမ်းပါးတဲ့ကောင်လေး တစ်ယောက်ကို အကျႌလှူဖို့ ပိတ်စဝယ်ပြီး စက်ဆိုင်ကို ချုပ်ခိုင်းလိုက်ပါတယ်၊ ဒါပေမဲ့ နှစ်ပတ်ကျော်တဲ့အထိ စက်ဆိုင်က အကျႌချုပ်

၂၄.၂၈၈

လို့ကို မပြီးသေးပါဘူး။ အဲဒီလို အင်္ကျီချုပ်လို့ မပြီးသေး ခင်ကာလမှာပဲ မိမိနဲ့ရင်းနှီးတဲ့ အမျိုးသမီးတစ်ယောက်က စောစောက ပြောခဲ့တဲ့ နွမ်းပါးတဲ့ ကလေးကို အင်္ကျီတစ် ထည် လှူသွားပါတယ်၊ ဒါကိုကြည့်ပြီး "ဒီကိစ္စမှာ ငါ့ကုသိုလ်က အရင်ဖြစ်ရမှာ သူ့ကုသိုလ်ကအရင် ဖြစ်သွား ပြီ"ဆိုပြီး စက်ချုပ်သူကိုကော လာလှူတဲ့အမျိုးသမီးကိုကော စိတ်ထဲက ဒေါသတွေဖြစ်နေမိတာပါ။ ပင်ကိုယ် စိတ်ဓာတ် ညံ့ပုံက အဲဒီလိုပါ။ တကယ်ဆိုသူတော်ကောင်း စိတ်ဓာတ် ယောနိသောမနသိကာရ စိတ်ဓာတ် အခြေခံသာ ရှိခဲ့ရင် "သြော် ... ကလေးမှာ ငါ့အပြင် နောက်ထပ် အင်္ကျီတစ် ထည် ရသွားပါလား"ဆိုပြီး ဝမ်းမြောက်တဲ့ မုဒိတာစိတ် ဖြစ်ရမှာပါ။ ပင်ကိုယ်ဓာတ်ခံ အားနည်းလေတော့ ကောင်းတဲ့အာရုံနဲ့ တွေ့တာတောင် ဆိုးတဲ့ဘက်ကို ရောက်သွားတာပါ။ ဒါက ပရိသတ်ကို ထုတ်ပြောဝံ့တဲ့ နှလုံးသွင်းပါ။ ထုတ်မပြောဝံ့တဲ့ နှလုံးသွင်း တချို့လဲရှိပါ သေးတယ်။ ကဲ ... ဒါထားပါ။

ဒီလိုနဲ့ စာတွေ ဖတ်ဖြစ်ရင်း ဆရာတော် အရှင်ဇနကာဘိဝံသရဲ့ စာတွေထဲမှာ ဆရာတော်က "အတိတ်အတိတ်ဘဝတွေက အကုသိုလ် အထုံတွေ ပါလာ တော့ ဒီလို အကုသိုလ်စိတ်တွေဖြစ်တာ မဆန်းပါဘူးတဲ့ စိတ်မပျက်ပါနဲ့တဲ့။ ဒါပေမဲ့ကိုယ်က ဒီဘဝမှာ ပရိယတ္တိ ပညာတွေ သင်ထားရတော့ သတိပညာနဲ့ ဆင်ခြင်ပြီး

နောက်ဘဝတွေမှာ အကုသိုလ်အထုံတွေ ဆက်ပါမသွား အောင် ကြိုးစားသွားရမယ်"တဲ့ ပြီးတော့ ဆရာတော်ရဲ့ ကိုယ်ကျင့်အဘိဓမ္မာစာအုပ်ထဲမှာ မိမိကိုယ်ကို တည်ဆောက် ယူပုံနဲ့ ပတ်သက်ပြီး ဆရာတော်ရေးပြထားတာရှိပါသေး တယ်၊ ဆရာတော်ရေးထားတဲ့ အတိုင်းပဲ ပြန်ကူးပြပါရစေ။

တောခွံမွေး၍ တောသွေးပါသော တောသူ တောသားသည် မြို့ကြီးပြကြီးသူတို့၏ ဝတ်ပုံ၊ နေပုံကို အလုံးစုံအတုယူ၍ ကိုယ်ကျန်းမာရေး စိတ်ချမ်းသာရေးကိုပါ လိုက်စားပြီး ပြုပြင်လိုက်က မကြာခင် ရုပ်တစ်မျိုး ပြောင်း ကာ ၁နှစ်၂နှစ်လောက်ကြာလျှင် ရေးကတွေ့နေကျလူ အများပင် အထင်မှားလောက်အောင် ရုပ်အဆင်း ပြောင်းလာနိုင်၏။ ဤသို့ အပြောင်းအလဲနှေးသဖြင့် အပြင်ခက်သော ရုပ်အဆင်းသည်ပင် ပြင်တတ်သူပြင်ချင်၍ ပြင်ဆင်နေလိုက်က တစ်မျိုးတစ်ဖုံ ပြောင်းနိုင်သေး၏၊ အပြောင်းအလဲ အလွန်မြန်၍ အင်မတန် ပြုပြင်လွယ်သော စိတ်ကိုတကယ်ပြင်လိုလျှင် အဘယ်မှာ ပြင်မရဘဲ ရှိမည်နည်း၊ နေ့စဉ်နှင့်အမျှ မိမိစိတ်ဖြစ်ပုံကို သတိထား၍ မတော်မတရား စိတ်တို့ကို နှိမ်နင်းသွားပါလျှင် မကြာခင် စိတ်ကောင်းရှိသူဖြစ်ကာ ၂နှစ်၃နှစ်လောက် ကြာသောအခါ ကိုယ့်စိတ်ကိုပင် ကြည်ညိုချင်လာအောင် စိတ်ကောင်း ဖြစ်လာပါလိမ့်မည်"တဲ့။ ဆရာတော့်စကားက တော်တော် လေး စိတ်သက်သာရာ ရခဲ့ပါတယ်။

ဒါနဲ့တင် မကျေနပ်သေးလို့ မိမိရဲ့ပင်ကိုယ် ဓာတ်ခံ ညံ့ပုံကို ရင်းနှီးတဲ့ ဆရာတော်ကြီးတစ်ပါးကို လျှောက်မိပါတယ်၊ ပြီးတော့ ပင်ကိုယ်ဓာတ်ခံ ကောင်းအောင် ဘယ်လို ပြုမူနေထိုင်ရမလဲ ဆိုတာပါ တခါတည်းလျှောက်မိပါတယ်။ ဒီတော့ ဆရာတော်ကြီးက...

"ဒါက လွယ်ပါတယ်ကွာ...

၁။ သူများမကောင်းကြောင်း မပြောနဲ့

၂။ သူတစ်ပါးကောင်းကြောင်းကို ပြောပါ

၃။ မိမိကောင်းကြောင်းကို မပြောနဲ့

၄။ မိမိ မကောင်းကြောင်းကို လိုအပ်လာရင် ရဲရဲဝံ့ဝံ့ပြော ဒီလေးချက်နဲ့ညီရင် သူတော်ကောင်း၊ မညီဘူးဆိုရင် သူတော်ကောင်းမဟုတ်ဘူး၊ ပိုက်ဆံတွေ ဘယ်လောက်ရှိရှိ ပညာတွေ ဘယ်လောက်တတ်တတ် ဒီလေးပါးနဲ့ မညီရင် သူတော်ကောင်းမဟုတ်ဘူး။ ဒီတော့ ညအိပ်ရာဝင်တဲ့အခါ နဖူးပေါ်လက်တင်ပြီး စဉ်းစား ဒီနေ့တစ်နေ့တော့ ငါ-သူတော်ကောင်းဟုတ်လား-မဟုတ်လားဆိုတာ ဒီလိုပါပဲ ပုထုဇဉ်တွေဆိုတာ ကောင်းတဲ့စိတ်ကလေးတွေ အထုံပါသွားအောင် ပါရမီဖြည့်တဲ့ ပုံစံမျိုးနဲ့ ကိုယ့်ကိုယ်ကို တည်ဆောက်ယူရတာပါပဲလေ"တဲ့။

ဆရာတော်ကြီးရဲ့ ဩဝါဒက တစ်သက်တာ ဘယ်လိုမှ မေ့လို့မရတော့တဲ့ ရွှေစကားတစ်ခွန်းပါ။ ဆရာတော်ကြီးပြောတဲ့အတိုင်းပါပဲလေ ညအိပ်ရာဝင်တဲ့အခါတိုင်း

နဖူးပေါ် လက်တင်ပြီး "ငါ–ဒီနေ့ သူတော်ကောင်းလား? သူတော်ကောင်းမဟုတ်ဘူးလား? ဆိုတာ စဉ်းစားဖြစ်ပါတယ်။ တခါတလေကျတော့ သူတော်ကောင်းပေါ့၊ တခါတလေကျတော့လဲ သူတော်ကောင်း မဟုတ်ဘူးပေါ့၊ (ကိုယ့်ကိုယ်ကို အားမနာတမ်း ပြောရရင်) သူယုတ်မာပေါ့။

ဒီလိုပါပဲလေ ပုထုဇဉ်တွေဆိုတာ ကိုယ့်ကိုယ်ကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ယူရတာပါပဲလေ၊ ကိုယ့်ကိုယ်ကို တည်ဆောက်နိုင်ခြင်းဟာလဲ မင်္ဂလာတစ်ပါးပဲ မဟုတ်လား၊ မင်္ဂလာရှိရင် ကျက်သရေရှိတဲ့ လူသားတစ်ယောက်ဖြစ်လာမှာပဲလေ။

## ၄။ ကောင်းတဲ့အထုံလေးတွေပါသွားအောင်

၁။ သူတစ်ပါး မကောင်းကြောင်းကို မပြောနဲ့၊
၂။ သူတစ်ပါး ကောင်းကြောင်းကို ပြောပါ၊
၃။ မိမိကောင်းကြောင်းကို မပြောနဲ့၊
၄။ မိမိမကောင်းကြောင်းကို လိုအပ်လာရင် ရဲရဲဝံ့ဝံ့ ပြောပါ၊

ဒီလေးချက်ကို ရှေ့ပိုင်းမှာလဲ ပြောခဲ့ပြီးပါပြီ၊ မိမိရဲ့ ဆရာတော်တစ်ပါးက ကိုယ်တိုင် နေ့စဉ်ကျင့်သုံးနိုင်ဖို့အတွက် စွန့်ခဲ့တဲ့ ဩဝါဒပါ၊ ကိုယ်တိုင်တရားဝင် ရာနှုန်းပြည့် ကျင့်သုံးနိုင်ပြီလားဆိုတော့ မကျင့်သုံးနိုင်သေးပါဘူး။ ပုထုဇဉ်ပီပီ တစ်ခါတလေလဲ သူများမကောင်းကြောင်းကို အလုပ်တစ်ခုပုံစံမျိုး အချိန်ကုန်ခံပြီး ပြောမိခဲ့တာပါပဲ။ မိန်းမစကားနဲ့ ပြောရရင်တော့ အတင်းပြောတာပါပဲ၊ မိုးရွာ

ထဲ ထီးဆောင်းပြီး အတင်းလိုက်ပြောကြတဲ့ မိန်းမနှစ်ယောက်ရဲ့ ပုံဝတ္ထုတွေတောင် ရှိခဲ့တာဆိုတော့ ကိုယ့်ကိုယ်ကိုတော့ ကြံဖန်ခွင့်လွှတ်လိုက်ပါတယ်။

သူတစ်ပါးကောင်းကြောင်းကို ပြောပါတဲ့၊ ကိုယ်နဲ့သပ္ပါယသင့်သူ သံယောဇဉ်ရှိသူရဲ့ ကောင်းကြောင်းကို ပြောဖို့ မခက်ပေမယ့် ကိုယ်နဲ့သပ္ပါယ မသင့်သူ၊ သံယောဇဉ်မရှိသူကျတော့ ပြောဖို့က အတော်ခက်သား၊ ကိုယ်နဲ့သပ္ပါယမသင့်သူရဲ့ကောင်းကြောင်းကို ဝန်းကျင်တစ်ခုမှာ ပြောဖို့ကြုံလာခဲ့ရင် အသာ မသိမသာ နှုတ်ဆိတ်နေမိလိုက်တာပါပဲ။

မိမိကောင်းကြောင်းကို မပြောပါနဲ့တဲ့၊ လူနှစ်ယောက်ချင်းပဲဖြစ်ဖြစ်၊ အစုလိုက်ပဲဖြစ်ဖြစ်၊ ဆုံမိကြတဲ့အခါ ကိုယ့်ကောင်းကွက်ကလေးတွေ၊ ကိုယ်တော်ခဲ့တာလေးတွေ ရှာကြံပြောခဲ့ ကြွားခဲ့ဖူးပါတယ်။ ကိုယ့်ရဲ့ကောင်းကြောင်းပြောနေရတာကိုက အရသာတစ်မျိုးပါ။ အဲဒီအရသာကလဲ အစားကောင်း စားရတဲ့ အရသာမျိုးလိုပါပဲ။

မိမိမကောင်းကြောင်းကို လိုအပ်လာရင် ရဲရဲဝံ့ဝံ့ပြောပါတဲ့၊ ဒါမျိုးကတစ်ယောက်ထဲ နေရရင်တော့ ဘာမှပြဿနာမရှိပါဘူး၊ အဖွဲ့အစည်းနဲ့ လူအများနဲ့ နေရတဲ့အခါမျိုးတွေမှာသာ ဖြစ်တတ်ပါတယ်၊ ဥပမာ–အများသုံးတဲ့သောက်ရေအိုးနားမှာ ခွဲသလိပ်ထွေးမိတယ်ပဲ ဆိုပါတော့၊ ဒါကို အများက မေးလာခဲ့ရင် နှုတ်ဆိတ်မနေဖို့ပါပဲ၊ ဆိုလို

တာကတော့ ကိုယ့်အပြစ်ကို သတ္တိရှိရှိ ဝန်ခံတာပါပဲ။

ကိုယ်က ဒီအချက် လေးချက်ကို တရားဝင် မကျင့်သုံးနိုင်သေးပေမယ့် (နောင်တစ်ချိန် ကျင့်သုံးမယ်ဆိုတဲ့ ရည်မှန်းချက်ကလေးက ရှိနေလေတော့) ကိုယ့်ဝန်းကျင်မှာ ရှိနေတဲ့ ပညာတွေ သိပ်တတ်၊ ပစ္စည်းဥစ္စာတွေ သိပ်ချမ်းသာပြီး ဒီလေးချက်နဲ့ ဆန့်ကျင်ဘက် ဖြစ်နေတာတွေ တွေ့ရရင် စိတ်ထဲက လေးစားအထင်ကြီးမှု လျော့သွားတာပါပဲ၊ တချို့ကျတော့ ပညာလဲတတ် ငွေကြေးလဲချမ်းသာ၊ ရုပ်ရည်လဲလှ၊ ဒီလေးချက်နဲ့လဲပြည့်စုံ အဲဒီလို လူမျိုးတွေရရင် ကိုယ်မကျင့်သုံးနိုင်သေးပေမယ့် ဘယ်လိုကြည်ညိုလေးစားမိမှန်းကို မသိပါဘူး။ မိမိကိုယ်တိုင်ကလည်း မိမိဝန်းကျင်မှာရှိတဲ့ လူတွေ ကို ဒီလေးချက်နဲ့ ညီမညီ တိုင်းတာမိတတ်ပါတယ်။ အတွေ့ရနည်းတဲ့ လူသားစာရင်းဝင် တစ်ခုပါ။

ဘာဖြစ်လို့ ဒီစကားတွေ ပြောနေရတာလဲဆိုရင် လူ့ဘဝ ဖြတ်သန်းမှုခရီးမှာ ဒီလေးချက်က လိုကိုလိုအပ်လို့ပါ။ အဓိက ကတော့ အထုံဝါသနာပါသွားအောင် တစ်ဆင့်ချင်း လေ့ကျင့်ယူနိုင်သွားဖို့ပါပဲ။ ဒါစိတ်လေ့ကျင့်ခန်းပါ၊ ဘာသာပြန် စာပေတွေမှာတော့ မကြာခဏ ဖတ်ဖူးကြမှာပါ။ တီဗွီကြည့်ချင်တယ် မကြည့်ဘူး ပိတ်ပစ်လိုက်တယ်၊ ရုပ်ရှင်သွားကြည့်ချင်တယ် မသွားဘူး၊ အိမ်မှာပဲ အလုပ်တစ်ခုခုကို လုပ်နေလိုက်တယ်၊ ဒါကိုယ့်စိတ်ကို အနိုင်ယူတဲ့ စိတ်လေ့ကျင့်ခန်းပါတဲ့။ ကျင့်ပါ များသွားရင် ကိုယ့်စိတ်ကို

နိုင်ပြီး ဖြစ်ချင်တာနဲ့ ဖြစ်သင့်တာ တစ်သားတည်း ကျသွား ပါလိမ့်မယ်တဲ့။ ဘေးထွက်အပိုအာရုံ ခံစားမှုတွေကို ထိန်းချုပ်တဲ့သဘောပါ။

လောကမှာ သူတစ်ပါးကိုနိုင်တာထက် မိမိစိတ်ကို နိုင်တာမှတကယ့်အောင်မြင်မှု အစစ်ပါ၊ ကောင်းတာလုပ်ချင် တာလဲ ဒီစိတ်ပါပဲ၊ မကောင်းတာလုပ်ချင်တာလဲ ဒီစိတ်ပါပဲ၊ လမ်းကြောင်းနှစ်ခုယှဉ်နေတဲ့ အဲဒီစိတ်ကို သတိကပ်ပြီး ကောင်းတဲ့လမ်းကြောင်းပေါ် ထိန်းတင်ပေးလိုက်နိုင်ဖို့ပါပဲ။

ဒီလိုပါပဲ ဗုဒ္ဓစာပေမှာလဲ ကောင်းတာလေးတွေ အထုံဝါသနာ ပါသွားအောင်တိုက်တွန်းထားတဲ့ စာတွေ အများကြီးပါ၊ မြတ်စွာဘုရား လက်ထက်တော်က အရှင်ပိလိန္ဒဝစ္ဆ မထေရ်ဆိုရင် အတိတ် အတိတ်ဘဝတွေက သူတစ်ပါးကို ခေါ်တဲ့အခါ "သူယုတ် သူယုတ်" လို့ ခေါ်ခဲ့တဲ့ အထုံဝါသနာက ပါခဲ့လေတော့ ဒီဘဝ ရဟန္တာဖြစ်တာ တောင်တွေ့တဲ့ လူတွေကို "သူယုတ် သူယုတ်" လို့ ခေါ်နေ တုန်းပါ။ ပြောလိုတာက အထုံဝါသနာပါ၊ အတိတ် အတိတ် ဘဝတွေကပါခဲ့တဲ့ အထုံဝါသနာတွေဟာ မျက်မှောက်ဘဝမှာ အကျိုး သက်ရောက်မှု ဖြစ်စေသလို နောင်အနာဂတ် ဘဝမှာလဲ အကျိုးသက်ရောက်မှု ဖြစ်စေပါတယ်။ ကောင်းတဲ့အထုံ ဝါသနာဆိုရင် ကောင်းတဲ့ အထုံဝါသနာပေါ့၊ မကောင်းတဲ့ အထုံဝါသနာဆိုရင်လဲ မကောင်းတဲ့ အထုံဝါသနာပေါ့။

ကိုယ့်ကိုယ်ကို စဉ်းစားကြည့်မိပါတယ်။

သံသရာခရီးကြီးက အရှည်ကြီးပါ၊ နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကိုလဲရောက်ဖို့ အတော်ဝေးလှပါသေးတယ်၊ ဒီတော့ "ဝါသနာ ဘာဂီ ဆက်တိုင်းမီ"ဆိုတဲ့ အတိုင်း သံသရာ ခရီးတစ်လျှောက် ကောင်းတဲ့အထုံလေးတွေ ပါသွားဖို့၊ မကောင်းတဲ့အထုံလေးတွေ ပါမသွားဖို့ စွမ်းနိုင်သလောက် ပါရမီဖြည့်တဲ့သဘောနဲ့ကျင့်သွားရမှာပါပဲလေ။

## ၅။ ကံနဲ့ ကျန်းမာရေး

မိမိမှာ ဒီနှစ်ပိုင်း ကံနိမ့်နေတယ်လို့ပဲ ပြောရမလား မသိပါဘူး၊ ကျန်းမာရေးက အတော်ကို ချူချာပါတယ်၊ အင်္ဂလိပ် ဆရာပြရ၊ မြန်မာတိုင်းရင်းဆေးဆရာပြရ၊ ည တစ်နာရီခွဲ အရေးပေါ် ထပြေးရ၊ သစ်ရွက်တွေနင်းပြီး ကျန်းမာရေးကုတဲ့ ဆရာတောင်ပါလိုက်သေးတယ်၊ ဆေးမ သောက်ရတဲ့နေ့ကို မရှိပါဘူး၊ ကျန်းမာရေး မကောင်းတော့ စိတ်ကအလိုလို တိုနေပါတယ်၊ စိတ်ညစ်တာတော့ မပြော နဲ့တော့၊ ဒါကြောင့် တစ်ဖက်သားနဲ့စကားပြောရင် ဒေါသသံ မပါအောင် အတော်သတိထား နေရပါတယ်။

ဒီအကြောင်းကို ဆရာဘုန်းကြီးဆီ ဖုန်းဆက်ပြော ပြတော့ ဆရာဘုန်းကြီးက "ကျန်းမာရေးကောင်းချင်ရင်ဓမ္မပဒ ထဲက ရောဟိနီမင်းသမီးဝတ္ထု ပြန်ဖတ်လေကွာ၊ အဲဒီ အထဲမှာ

ကျန်းမာရေးကောင်းကြောင်း နည်းလမ်းတွေပါတာပဲ”တဲ့။
ဆရာဘုန်းကြီး ပြောတဲ့အတိုင်း ဓမ္မပဒ–ရောဟိနီ ဝတ္ထုကို ပြန်ဖတ်ရပါတယ်။
ရောဟိနီမင်းသမီးဟာ အရှင်အနုရုဒ္ဓါမထေရ်ရဲ့ မောင်နှမတော်ပါတယ်၊ တစ်နေ့မှာ အရှင်အနုရုဒ္ဓါမထေရ်က ရဟန်းငါးရာနဲ့အတူ နှမရောဟိနီ မင်းသမီးရှိရာ ကပိလဝတ် ပြည်ကို ကြွလာပါတယ်၊ ဒီတော့ ဆွေတော် မျိုးတော်တွေက ရောဟိနီ မင်းသမီးကို ထားခဲ့ပြီး အရှင်အနုရုဒ္ဓါမထေရ်ဆီ လာဖူးကြပါတယ်။ အရှင်အနုရုဒ္ဓါက နှမဖြစ်သူ ပါမလာ တော့ ဘာ့ကြောင့် ပါမလာသလဲဆိုတာ မေးပါတယ် ဆွေတော်မျိုးတော်တွေက “ရောဟိနီ အိမ်မှာရှိပါတယ်၊ သူ့မှာအရေပြားရောဂါ ဖြစ်နေလို့ ရှက်လို့ မလိုက်လာတာပါ ဘုရား”လို့ ပြန်လျှောက်ကြပါတယ်။
ဒီစကားကြားရတော့ အရှင်အနုရုဒ္ဓါက နှမဖြစ်သူ ရောဟိနီကို ခေါ်ခိုင်းလိုက်ပါတယ်။ ရောဟိနီ ရောက်လာ တော့ အရှင်အနုရုဒ္ဓါမထေရ်က ဘာကြောင့် လိုက်မလာ သလဲဆိုတာ ထပ်မေးပါတယ်၊ ရောဟိနီကလဲ ဆွေမျိုးတွေ ဖြေထားတဲ့အတိုင်း ကိုယ်ရေပြားရောဂါ ဖြစ်နေတဲ့အတွက် ရှက်လို့လိုက်မလာတာပါလို့ ပြန်ဖြေပါတယ်၊ ဒီတော့ အရှင်အနုရုဒ္ဓါက သူ့နှမကို–
“ရောဂါပျောက်အောင် ဆွမ်းစားဇရပ်ဆောက်လုပ် လှူဒါန်းပါ၊ ပျဉ်ခင်းတဲ့နေ့ကစပြီး ကျောင်းအောက်ခြေ

ဝန်းကျင်မှာ တံမြက်လှည်းပါ သံဃာတော်တွေအတွက် သောက်ရေအိုးကို တည်ဆောက်ပြီးတော့ အမြဲမပြတ် ရေဖြည့်ပါ"လို့ မိန့်မှာ လမ်းညွှန်ပါတယ်။

ရောဟိနီလဲ မောင်ဖြစ်သူ အရှင်အနုရုဒ္ဓါပြောတဲ့ အတိုင်းပြုရှာပါတယ်။ ဆွမ်းစားဇရပ်ပြီးခါနီးတော့ ရောဂါလဲ သက်သာလာပါတယ်။ ပျောက်တော့ မပျောက်သေးပါဘူး။ ဆွမ်းစားဇရပ်ကြီးပြီးသွားတော့ မြတ်စွာဘုရား အပါအဝင် သံဃာတော်များကို ဆွမ်းကပ်ပါတယ်၊ ဒါပေမယ့် ဆွမ်းကပ်ပွဲကို ရောဟိနီ မလာရဲရှာပါဘူး၊ ဒီတော့ မြတ်စွာဘုရားက ရောဟိနီကို ခေါ်ခိုင်းရပြန်ပါတယ်၊ ရောဟိနီရောက်လာတော့ သူမရဲ့ရောဂါကို လူမြင်မခံဝံ့လို့ မလာတာပါလို့ မြတ်စွာဘုရားကို လျှောက်ပါတယ်။

မြတ်စွာဘုရားက ရောဟိနီ ရောဂါဖြစ်ရခြင်းရဲ့ အတိတ်ကံကို သိထားလေတော့ အပြစ်နဲ့အမှားကို ဆင်ခြင် သုံးသပ်နိုင်ဖို့။

"သင် ချစ်သမီး ဒီရောဂါ ဖြစ်ရခြင်းရဲ့ အကြောင်းကို သိရဲ့လား"လို့ မေးပါတယ်၊ ရောဟိနီကလဲ "မသိပါဘုရား"လို့ ပြန်လျှောက်ပါတယ်၊ ဒီတော့မှ မြတ်စွာဘုရားက ရောဟိနီရဲ့ အတိတ်မကောင်းမှုကံကို ပြန်ဟောပြပါတယ်။

ရောဟိနီဟာ တစ်ခုသောဘဝမှာ မိဖုရားကြီး ဖြစ်ခဲ့ဖူးပါတယ်၊ အဲဒီ ကာလမှာပဲ မကျေနပ်တဲ့ ကချေသည်

မလေးတစ်ယောက်ရဲ့ အိပ်ရာကို ခွေးလှေးယားသီးမှုန့်တွေ ကြဲဖြန့်ထားလိုက်ပါတယ်။ ကခြေသည်မလေးအိပ်တော့ ခွေးလှေးယားသီးမှုန့်တွေက ကခြေသည်မလေးကိုယ်ကို ကပ်ပြီး မခံသာလောက်အောင် ယားဖုတွေ ပေါက်လာပါ တယ်၊ ဒါကို ကြည့်ပြီးရောဟိနီကတော့ သဘောကျလို့ပေါ့၊ အဲဒီမကောင်းမှုကံကြောင့် ခုဘဝမှာ အရေပြားရောဂါ ဖြစ်ရတာပါတဲ့၊ နောက်တော့ မြတ်စွာဘုရားက ရောဟိနီကို ဂါထာတစ်ပုဒ် ဟောကြားပါတယ်။

အမျက်ဒေါသကို စွန့်ဖို့၊ မာနကို စွန့်ဖို့ နာမ်ရုပ်ကို မကပ်ငြိဖို့ပါ၊ ဒေသနာဆုံးတော့ ရောဟိနီလဲ ရောဂါပျောက် သွားသလို သောတာပတ္တိဖိုလ်လဲ တည်သွားပါတယ်၊ အတိတ်မကောင်းကံကို ပစ္စုပ္ပန်ကောင်းကံနဲ့ ကုစားလိုက် တာပါ။

ရောဟိနီ မင်းသမီးဝတ္ထုဖတ်မိတော့မှပဲ မိမိကျန်း မာရေးအတွက် မြတ်စွာဘုရား ညွှန်ကြားတဲ့ဆေးနဲ့ ကုဖို့လဲ လိုပါသေးလားဆိုတာ သိလိုက်ရပါတော့တယ်၊ ဘာဆေးလဲ ဆိုတော့ပစ္စုပ္ပန်ကံကိုကောင်းအောင် ပြုပေးခြင်းဆိုတဲ့ ဆေးပါပဲလေ။

# ၆။ ကံကောင်းချင်ရင်

ဟိုတလောဆီက ဂျာနယ်တိုက်တစ်ခုကို ရောက်တော့ အယ်ဒီတာချုပ်ရဲ့ စားပွဲမှာ လူငယ်လက်ထောက်အယ်ဒီတာ သုံးယောက်က စာရွက်ကိုယ်စီနဲ့ သူတို့အယ်ဒီတာချုပ် ပြောတာကို လိုက်မှတ်နေကြပါတယ်။ "အော်... ဂျာနယ်အတွက် ရေးရမယ့် အကြောင်းအရာတွေ ပြောနေတာ ထင်ပါရဲ့"လို့ တွေးမိလိုက်တာ အနားရောက်တော့ ဘယ်ကလာဟုတ်ရမှာလဲ အယ်ဒီတာချုပ်က နှစ်လုံးဂဏန်းတွေကို သူ့ရဲ့လက်ထောက် အယ်ဒီတာတွေကို စွန့်ကြဲနေတာကိုး။

တကယ်တော့ ဒါတွေက ကံကိုအမှီပြုပြီး ကစားရတဲ့အလုပ်တွေပါ၊ ကံမရှိရင် အိမ်ရောင်းထိုးလဲ အိမ်သာဆုံးသွားမယ်၊ ပေါက်မှာတော့ မဟုတ်ပါဘူး၊ ကံကောင်းအောင်ကံကို တည်ဆောက်ယူရပါ့မယ်၊ ဒီနေရာမှာ ကံက

အတိတ်ကံနဲ့ ပစ္စုပ္ပန်ကံဆိုတာ ရှိပါတယ်၊ အတိတ်ကံက တော့ ပြီးခဲ့ပြီဆိုတော့ ထားလိုက်ပါတော့၊ ဘာမှလဲ လုပ်လို့မရတော့ပါဘူး၊ လုပ်လို့ရတဲ့ကံက ပစ္စုပ္ပန်ကံပါ အတိတ်ကံ အားနည်းခဲ့ပေမယ့် ပစ္စုပ္ပန်ကံကို အကောင်းဆုံး ဖြစ်အောင် တည်ဆောက်ယူလို့ ထိပ်တန်းရောက်သွားတဲ့ သာဓကတွေ ကျန်းမာရေး ကောင်းသွားတဲ့ သာဓကတွေ စာပေမှာ အများကြီး ရှိပါတယ်။

သီဟိုဠ်ရာဇဝင်မှာ ဝသဘမင်းဆိုတာ ရှိခဲ့ဖူးပါ တယ်၊ မင်းမဖြစ်ခင် သာမန်လူတစ်ယောက်ဘဝက ဦးရီး တော် စစ်သူကြီးဆီမှာ ခစားနေရပါတယ်၊ ဒီလိုနဲ့ တစ်နေ့ မှာ ဟူးရား ပညာရှိတွေက ဝသဘအမည်ရှိတဲ့ သူဟာ မင်းဖြစ်လိမ့်မယ်ဆိုပြီး ဟောပြောကြပါတယ်၊ ဒီစကား ကြားရတော့ လက်ရှိမင်းလုပ်နေတဲ့ ယသဠာလက မင်းက သီဟိုဠ်ကျွန်းမှာ ဝသဘအမည်ရတဲ့သူ အားလုံးကို သတ်စေ လို့ မိန့်ပါတယ်။ စစ်သူကြီးက သူ့ဆီမှာ ခစားနေတဲ့ ဝသဘကို မင်းဆီအပ်ဖို့ မယားလုပ်သူကို တိုင်ပင်ပြောဆို ပါတယ်၊ ရာထူးတိုးချင်တာလဲ ပါမှာပေါ့၊ နံနက်စောစော ရောက်တော့ စစ်သူကြီးက ဝသဘကိုခေါ်ပြီး မင်းနန်းတော် ကိုသွားပါတယ်၊ ဝသဘကိုသတ်ဖို့ ခေါ်သွားပြီဆိုတာ သိထားတဲ့ စစ်သူကြီးရဲ့မယားက ကွမ်းအလွန်ကြိုက်တဲ့ စစ်သူကြီးအတွက် ထုံးမပါတဲ့ ကွမ်းကိုထည့်ပေးလိုက် ပါတယ်။

မင်းနန်းတော်တံခါးဝရောက်လို့ ကွမ်းစားမယ်ဆိုပြီး ကြည့်လိုက်တော့ ထုံးမပါတာတွေ့တာနဲ့ ဝသဘကို အိမ်ပြန်ထုံးယူစေပါတယ်၊ ဝသဘအိမ်ရောက်တော့ စစ်သူကြီးရဲ့မယားက သူကြံစည်တဲ့အတိုင်း ဖြစ်လာလို့ ဝမ်းသာအားရနဲ့ပဲ "ဝသဘ သင့်ဦးကြီးက သင့်ကို မင်းကြီး ဆီအပ်ပြီးသတ်မှာ ရော့-အသပြာ တစ်ထောင်ယူပြီး လွတ်ရာကို ပြေးပေတော့" ဆိုပြီး ပြေးခိုင်းလိုက်ပါတယ်။ ဝသဘလဲ မင်းနဲ့ဝေးတဲ့ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ကပ်နေပါတယ်၊ ရဟန်းတော်တွေကလည်း သူ့ကို ကြည့်ရှုထားကြပါတယ်။

ဒီလို နေရင်းတစ်နေ့မှာ ပညာရှိ လူနူတစ်ယောက်ကဝသဘရဲ့ဇာတာကိုကြည့်ပြီး"သင်-မင်းဖြစ်လိမ့်မယ်"လို့ ဟောပါတယ်၊ ဒီစကားကြားရတော့ ဝမ်းမြောက်ဝမ်းသာနဲ့ပဲ သတ္တိရှိတဲ့ ယောက်ျားတွေစုရုံးပါတယ်၊ အတော်အတန်စုမိတော့ "မုန့်သည်မသားသည် မုန့်အနားကစ၍ စားရသည်"ဆိုတဲ့ ရှေ့ထုံးကိုနှလုံးမူပြီး မြို့စွန်ရွာစွန်ကစပြီး သိမ်းပါတယ်။ လိုရင်းပြောရရင်တော့ နောက်ဆုံးဝသဘ မင်းဖြစ်သွားတယ်ပဲ ဆိုပါတော့။

ဝသဘ မင်းဖြစ်လာတော့ ဟူးရား ပညာရှိတွေကို စိတ်ကွယ်ရာခေါ်ပြီး သူဘယ်နှစ်နှစ်လောက် မင်းပြုရမလဲလို့မေးပါတယ်။ ဟူးရားပညာရှိတွေက တွက်ချက်ပြီး (၁၂)နှစ် မင်းပြုရမယ်လို့ ဟောလိုက်ပါတယ်။ ဝသဘ မင်းက

ဟူးရားတွေကို အသပြာတစ်ထောင်ပေးပြီး ဒီအကြောင်း ဘယ်သူ့မှ မပြောနဲ့ဆိုပြီး ပြန်လွှတ်လိုက်ပါတယ်။ အဲဒီနောက် ရဟန်း၊ သံဃာတော်တွေဆီကပ်ပြီး "အရှင်ဘုရားတို့ မင်းသက်ရှည်ရာရှည်ကြောင်း ကောင်းမှု မရှိဘူးလား"လို့ လျှောက်ပါတယ်။

ဒီတော့ သံဃာတော်တွေက–

"ဝသဘ–မင်းမြတ် ငါးပါးသီလကို နေ့စဉ် ဆောက်တည်ပါ၊ အကြားအကြား ဥပုသ်နေ့တွေမှာ ရှစ်ပါး ဆယ်ပါး သီလဆောက်တည်ပါ၊ ရေစစ်, ကျောင်းကန် နေရာ, ဂိလာန သူနာတို့အလိုငှာ၊ ယာဂုဆေး စသည်တို့ကို လဲ ပေးလှူပါ၊ ဆွေးမြေ့ယိုယွင်း ဟောင်းနွမ်းနေတဲ့ ကျောင်းကန်၊ စေတီ၊ ဘုရားတွေကိုလဲ ပြုပြင်ပါ။ ဒါဆို အသက်ရှည်စွာ နေရမယ်'လို့ မိန့်လိုက်ပါတယ်။

ဝသဘမင်းလဲ ရဟန်းသံဃာတော်တွေ လမ်းညွှန် တဲ့အတိုင်းပြုပါတယ်၊ စာထဲမှာတော့ ဝသဘမင်းပြုခဲ့တဲ့ ကောင်းမှုတွေကို အများကြီး ပြထားပါတယ် စာရှည်နေမှာ စိုးလို့ ရေးမပြတော့ပါဘူး။ အနှစ်ချုပ်လိုက်ရရင်တော့ ဝသဘ မင်းဟာ (၄၄)နှစ်၊ နန်းစံခဲ့ရပါတယ်၊ အတိတ်ကံ အရ (၁၂)နှစ်ပဲ နန်းစံရမှာပါ၊ ဒါပေမယ့်ပညာနဲ့ သဒ္ဓါတရား ရှိတော့ ပစ္စုပ္ပန်ကံကို ထပ်မံမွမ်းမံတည်ဆောက်ယူလိုက် တာ (၄၄)နှစ်တောင် နန်းစံခဲ့ရပါတယ်၊ ဒါနည်းယူအားကျ စရာပါ။

မမြင်ရ မသိနိုင်တဲ့ အတိတ်ကံလောက်နဲ့ မှန်းပြီး ကံစမ်းနေရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ပါဘူး၊ မမြင်ရ မသိနိုင်တဲ့အတိတ်ကံကိုတော့ ထားလိုက်ပါတော့၊ ပြုလို့ရတဲ့ ပြုခွင့်ရှိတဲ့ ပစ္စုပ္ပန်ကံကိုသာ ကောင်းအောင် ပြုပြင်မွမ်းမံ တည်ဆောက်ပါ၊ ဒါဆိုရင် ကံကောင်းလာပါလိမ့်မယ်။

အင်တာဗျူးဂျာနယ်
မတ်လ(၆)ရက်၊ ၂၀၀၂

## ၇။ အတိတ်ကံနဲ့တင် ပြီးသွားသူများ

လောကမှာ ဘယ်အချိန် တန်ဘိုးအရှိဆုံးလဲလို့ မေးရင် လက်ရှိရောက်တဲ့ ပစ္စုပ္ပန် အချိန်ဟာ တန်ဖိုးအရှိဆုံးပါ။ ဘာဖြစ်လို့လဲဆိုတော့ အတိတ်ဆိုတာပြီးခဲ့ပြီးပြီ၊ အနာဂတ်ဆိုတာလဲ မရောက်သေးပါဘူး၊ အတိတ်က ရှေ့ထီးဆောင်းခဲ့တာကို စားမြုံ့ပြန်နေမယ်၊ ဒါမှမဟုတ် မရောက်သေးတဲ့ အနာဂတ်ကို စိတ်ကူးနဲ့ အိပ်မက်မက်နေမယ်ဆိုရင် တစ်ကြိမ်သာ ဆုံခွင့်ရတဲ့ ပစ္စုပ္ပန် အချိန်နဲ့ လွဲလို့သာ နေပါလိမ့်မယ်၊ ရှေ့ထက်တန်ဖိုးရှိတဲ့ အချိန်တွေကို အဓိပ္ပာယ်မဲ့ ဖြုန်းပစ်နေရာလဲရောက်ပါတယ်။

ပစ္စုပ္ပန် အချိန်ဆိုတာ လောကီအတွက် အကျိုးရှိအောင် အသုံးချရသလို လောကုတ္တရာအတွက်လဲ အကျိုးရှိအောင် အသုံးချရပါတယ်၊ လောကီအတွက်ကတော့ အထူး

ပြောစရာ မလိုတော့ပါဘူး လောကုတ္တရာရေးဖြစ်တဲ့ ဝိပဿနာရှုတဲ့နေရာမှာ ရောက်ဆဲ ဖြစ်ဆဲပစ္စုပ္ပန် ရုပ်နာမ်ကိုသာ ရှုမှတ်ရပါတယ်၊ ဥပမာ ရေချိုးရင် "ချိုးတယ် ချိုးတယ်" ထမင်းစားရင် "စားတယ် စားတယ်"၊ နောက်ဆုံး ကျင်ကြီး၊ ကျင်ငယ်စွန့်ရင်တောင် "စွန့်တယ် စွန့်တယ်" လို့ မှတ်ရပါတယ်။ ပစ္စုပ္ပန်တည့်တည့် ဖြစ်ပျက်နေတာကိုပဲ ရှုမှတ်နေရပါတယ်။

ဒီပစ္စုပ္ပန်အချိန်သဘောတွေနဲ့ အစချီနေရတာကတော့ ပစ္စုပ္ပန်အချိန်တွေကို အကျိုးရှိအောင် မသုံးခဲ့ကြတဲ့ သူဌေးဆင်းရဲသား လင်မယားနှစ်ယောက် အကြောင်းပြောပြချင်လို့ပါ။

မြတ်စွာဘုရား လက်ထက်တော်က ကုဋေရှစ်ဆယ် ချမ်းသာတဲ့ သူဌေးသားတစ်ယောက် ရှိပါတယ်။ သူဌေးသားရဲ့ မိဘတွေက သားဖြစ်သူကို ချစ်လွန်းလို့ စိတ်ကြိုက် သုံးစွဲခွင့် ပြုထားပါတယ်၊ ပြီးတော့ တစ်သက်စာမကုန်ဘူးဆိုပြီး ပညာမသင်စေဘဲ က,တာသီချင်းဆိုတာ တီးမှုတ်တာလောက်ပဲ သင်စေပါတယ်၊ အရွယ်ရောက်လာတော့ သူ့လိုပဲကုဋေရှစ်ဆယ် ချမ်းသာတဲ့ ပညာမတတ်တဲ့ သူဌေးသမီးတစ်ယောက်နဲ့ အိမ်ထောင်ချပေးပါတယ်။ နှစ်ယောက်ပေါင်းလိုက်တော့ ကုဋေတစ်ရာခြောက်ဆယ် ချမ်းသာတဲ့ သူဌေးလင်မယားပေါ့၊ ဒီလိုနဲ့ နှစ်ဘက်မိဘတွေ ကွယ်လွန်သွားကြပါတယ်။

သူဌေးဆိုတော့ ဘုရင့်ဆီကို နေ့စဉ် အခစားဝင်ရပါတယ်၊ ဒါကိုနေ့စဉ်တွေ့နေရတဲ့ အရက်သမားတွေက စည်းရုံးဖို့ ပြင်ဆင်ကြပါတယ်။ တစ်နေ့ သူဌေးသားဘုရင့်ဆီက ပြန်အလာ လမ်းမှာ အရက်သမားတွေက အရက်ကို သောက်ပြ၊ အမြည်းကိုစားပြနဲ့ "အရှင်သူဌေးသား အသက်တစ်ရာ ရှည်ပါစေ၊ အရှင် သူဌေးသားကို အမှီပြုပြီး စားနိုင်သောက်နိုင်ရပါလို၏" လို့ ဆုတောင်းကြပါတယ်၊ ဒီလိုနဲ့ အရက်သမားတွေနဲ့ ပေါင်းမိပြီး အရက်တွေ သောက်ဖြစ်သွားပါတော့တယ်။

စာထဲမှာ ပြထားတာကတော့ သူဌေးသားက ငွေတွေကို ဘေးမှာပုံပြီး သူ့ရဲ့သောက်ဖော်သောက်ဖက် အရက်သမားတွေနဲ့ ပန်းတွေဝယ်ခိုင်းလိုက် နံ့သာတွေဝယ်ခိုင်းလိုက်တဲ့၊ ပြီးတော့ တီးတတ်၊ မှုတ်တတ်တဲ့သူတွေခေါ် တီးခိုင်းမှုတ်ခိုင်း၊ သီးချင်းဆိုတတ်တဲ့ သူတွေခေါ် သီချင်းဆိုခိုင်း၊ ကတတ်တဲ့သူတွေကို ကခိုင်း၊ ဆုငွေတွေကို တစ် ထောင်နှစ်ထောင်မျိုးဆုချလိုက် အရက်တွေ သောက်လိုက်ပေါ့၊ ဒီခေတ်လို စားသောက်ဆိုင်ကြီးတွေမှာ ပန်းကုံးစွပ်တာတို့ ဘာတို့ မရှိပေမယ့် ခပ်ဆင်ဆင်ပါပဲ၊ နောက်ဆုံးအနှစ် ချုပ်ရရင် အလုပ်မလုပ်ဘဲ အရက်ချည်း ထိုင်သောက်နေလိုက်တာ ပစ္စည်းတွေကုန်ခမ်းပြီး တောင်းစားရတဲ့ဘဝရောက်သွားရော ဆိုပါတော့။

တစ်နေ့ မြတ်စွာဘုရားက တောင်းစားနေတဲ့

သူဌေးလင်မယားကို ရဟန်းသာမဏေတွေက စားကြွင်း၊ စားကျန်တွေ ပေးနေတာ တွေ့မြင်တော့ အရှင်အာနန္ဒာကို အောက်ပါအတိုင်း မိန့်တော်မူပါတယ်။

"ချစ်သား အာနန္ဒာ အခု မြင်နေရတဲ့ နှစ်ယောက်ကို ကြည့်စမ်းပါ၊ သူဌေးသားဟာ ပထမအရွယ်မှာ တကယ်လို့ စီးပွားရှာလိုက်ရင် ဒီမြို့မှာ ပထမ အချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မယ်၊ အိမ်မှထွက်ပြီး ရဟန်းပြုလိုက်မယ်ဆိုရင် အရဟတ္တဖိုလ်ကို ရလိမ့်မယ်၊ သူ့မယားဟာလဲ အနာဂါမိဖိုလ်ကို ရလိမ့်မယ်၊ ဒါမှမဟုတ် ဒုတိယအရွယ်မှာ စီးပွားရှာလိုက်ဦးမယ်ဆိုရင်လဲ ဒီမြို့မှာ ဒုတိယချမ်းသာဆုံး သူဌေးကြီး ဖြစ်လိမ့်မယ်၊ ရဟန်းပြုမယ်ဆိုရင် အနာဂါမ် ဖြစ်လိမ့်မယ် မယားလဲ သကဒါဂါမ်ဖြစ်လိမ့်မယ်၊ ဒါမှမဟုတ် သတိဉာဏ်ဝင်ပြီး တတိယအရွယ်မှာ စီးပွားရှာဦးမယ်ဆိုရင်လဲ တတိယအချမ်းသာဆုံး သူဌေးဖြစ်လိမ့်မယ်။ ရဟန်းပြုမယ်ဆိုရင်တော့ သကဒါဂါမ်ဖြစ်လိမ့်မယ်၊ မယားက သောတာပန် ဖြစ်လိမ့်မယ်၊ အခု အရွယ်မှာတော့ အချိန်တွေ လွန်ခဲ့ပြီ၊ လူ့စည်းစိမ်တွေမှ ဆုတ်ယုတ်ခဲ့သလို ရဟန်းအဖြစ်ဆိုတဲ့ မဂ်ဖိုလ်တွေမှလဲ ဆုတ်ယုတ်ခဲ့ပြီ၊ ရေခြောက်သွေ့နေတဲ့ ရေအိုင်ကို ရောက်ရှိနေတဲ့ ကြိုးကြာငှက်လို ဖြစ်ခဲ့ရရှာပြီ။"

ရှေ့ပိုင်းက စကားတွေနဲ့ ပြန်ဆက်ရရင် အတိတ်ကသိုလ်ကံဘယ်လောက်ကောင်းခဲ့ ကောင်းခဲ့ ပစ္စုပ္ပန်ကံကို

အသုံးမချတတ်တော့ လောကီချမ်းသာတွေနဲ့ လွဲခဲ့ရသလို လောကုတ္တရာ ချမ်းသာတွေနဲ့လဲ လွဲခဲ့ရပါတယ်၊ တကယ် ပြောမယ်ဆို အတိတ်ကံက တော်တော်အားကြီးခဲ့တာပါ၊ အတိတ်ကံနဲ့ပဲ ထိုင်စားနေတော့ ဘဝတစ်ခုရဲ့ အဆုံးကို မရောက်ခင်မှာပဲ အတိတ်ကံ အကျိုးတွေက ကုန်ခမ်းသွား ခဲ့ပါပြီ။

တစ်ကြိမ်သာဆုံခွင့်ရမယ့် ပစ္စုပ္ပန်အချိန်ကို လောကီအတွက် လောကုတ္တရာအတွက် အကျိုးရှိအောင် အသုံးချတတ်ဖို့ပါပဲလေ။

## ၈။ အတိတ်ကံနဲ့ အဇာတသတ်

အဇာတသတ်လို့ ဆိုလိုက်ရင် ဒေဝဒတ်နဲ့ ပေါင်းသူ၊ အဖေသတ်ပြီးမင်းလုပ်ခဲ့သူ၊ ငရဲကျသွားသူလို့ အားလုံးမြင်လိုက်ကြမှာပါပဲ၊ စာရေးသူကတော့ ဗုဒ္ဓခေတ် ဘုရင်တွေထဲမှာ အဇာတသတ်ကို ကျေးဇူးအတင်ဆုံးနဲ့ အသနားဆုံးပါ။ ကျေးဇူးတင်ရတာကတော့ မြတ်စွာဘုရား မရှိတော့တဲ့နောက်ပိုင်း ပထမသံဂါယနာပွဲကြီးကို အရှင်မဟာကဿပတို့ အရှင်အာနန္ဒာတို့နဲ့ ပူးတွဲပြီး အားကြိုးမာန်တက်ဆောင်ရွက်ခဲ့တာပါ၊ အဇာတသတ်ရဲ့ ကျေးဇူးဟာ ဒီနေ့ဆဋ္ဌသံဂါယနာ နောက်ပိုင်းအထိ ကျေးဇူးရှိနေတုန်းပါ၊ အပြစ်က အပြစ်၊ ကျေးဇူးက ကျေးဇူးပါပဲ၊

တကယ်တော့ အဇာတသတ်ရဲ့ အတိတ်ကံက

ပေါ့သေးသေး မဟုတ်ပါဘူး၊ သောတာပန် ဖြစ်နိုင်တဲ့ ဗီဇသတ္တိကို ပါလာတာပါ၊ သောတာပန်ဖြစ်နိုင်တဲ့ ဗီဇသတ္တိ အတိတ်ကံပါလာတယ်ဆိုတာ နည်းတဲ့ပါရမီကုသိုလ် မဟုတ်ပါဘူး။ လူတိုင်း ပါလာနိုင်တဲ့ အတိတ်ပါရမီကံ မဟုတ်ပါဘူး၊ ဒါပေမယ့် ပတ်ဝန်းကျင်က အားနည်းခဲ့တော့ သောတာပန်ဖြစ်ခွင့်နဲ့ လွဲသွားရပါတယ်၊ ပတ်ဝန်းကျင်ဆိုတဲ့ နေရာမှာ အားလုံးက ဒေဝဒတ်ကိုပဲ လက်ညှိုးထိုးပြီး အပြစ်ပုံချကြပါတယ်။ တကယ်တော့ အဇာတသတ် အတ္ထုပ္ပတ္တိကို သေသေချာချာကြည့်ရင် ဒေဝဒတ်အပြင် အခြားပုဂ္ဂိုလ် နှစ်ယောက်ရဲ့ အပြုအမူတွေလဲ တစ်စိတ်တစ်ဒေသ ပါခဲ့ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေကတော့ အဇာတသတ်မမွေးခင် နိမိတ်ဖတ် ဗေဒင်ဟောခဲ့ကြတဲ့ ပုဏ္ဏားတွေနဲ့ ဖခင်ဗိမ္ဗိသာရမင်း ကိုယ်တိုင်ပါပဲ၊

အဇာတသတ်ကို ကိုယ်ဝန်ဆောင်စမှာပဲ သူ့မိခင်မှာ ဘုရင့်လက်မောင်းသွေး သောက်ချင်တဲ့ ချဉ်ခြင်းတတ်ပါသတဲ့၊ ဘုရင်ဗိမ္ဗိသာရကလဲ မိဖုရားကို လက်မောင်းသွေး ဖောက်တိုက်လိုက်ပါတယ်၊ ဒီအပြုအမူကို မြင်တဲ့ဗေဒင်ဆရာတွေဖြစ်တဲ့ ပုဏ္ဏားတွေက ဘယ်လိုနှုတ်ကမြင်းလိုက်သလဲဆိုတော့ "ဒီကိုယ်ဝန်ထဲက ကလေးဟာ ကြီးလာရင် အဖေဘုရင်ကို သတ်လိမ့်မယ်"လို့နှုတ်ကမြင်းလိုက်ပါတယ်၊ ဒီဗေဒင်ဆရာတွေ နှုတ်ကမြင်းမှုဟာ ပတ်ဝန်းကျင်ကို ပျံ့နှံ့သွားပါတော့တယ်၊ အဖေသတ်မယ့်သားဆိုတော့ မမွေးခင်

ကတည်းကကို ဝန်းကျင်ကစက်ဆုပ်နေကြပါပြီ၊ သူ့မိခင် အပါအဝင်ပေါ့၊ ဒါကြောင့် ကိုယ်ဝန်ကို အမျိုးမျိုးဖျက်ချခဲ့ ပါတယ်၊ ဒီနေရာမှာ ဗေဒင်ဆရာတွေရဲ့ နှုတ်ကမြင်းမှုဒဏ် ကြောင့် အဇာတသတ်အတွက် မမွေးခင်လူ့လောကထဲ မရောက်ခင်ကတည်းက ဝမ်းနည်းဆုံးရှုံး နစ်နာခဲ့ပုံလေးကို ပါ တဆက်တည်းပြောလိုက်ပါရစေဦး။

အဇာတသတ်ဆိုတဲ့ နာမည်ဟာ အဇာတသတ္တုဆို တဲ့ပါဠိကို မြန်မာမှုပြုထားတာပါ၊ အဓိပ္ပါယ်ပြန်ရရင် အဇာတ–မမွေးဖွားခင်က၊ သတ္တု–ဖခင်ရဲ့ရန်သူ၊ မမွေးဖွား ခင်ကဖခင်ရဲ့ ရန်သူတဲ့၊ ဘာမှမသိသေးခင် ကိုယ်ဝန်ထဲမှာ ပဲ နာမည်ဆိုးကို ရလိုက်ပါပြီ၊ ဘယ်လောက်သူ့အတွက် နစ်နာသွားသလဲ၊ ဥပဒေကြောင်းအရ ပြောရရင် ပြစ်မှု မကျူးလွန်သေးပဲနဲ့ တရားခံ လူဆိုးလို့ပြောခွင့်မရှိပါဘူး အဇာတသတ်အတွက် အထူးနစ်နာမှုတစ်ခုပါ။ အမှန်က အဇာတသတ် မင်းဖြစ်လာတဲ့အခါ အဲဒီနှုတ်ကမြင်းခဲ့တဲ့ ဗေဒင်ဆရာတွေကိုပါ ဥပဒေကြောင်းအရ ပြင်းပြင်းထန်ထန် အရေးယူပစ်ဖို့ကောင်းတာပါ၊ ဒါကိုအဇာတသတ် မေ့သွားလို့ ပဲလား ဒါမှမဟုတ် ယောနိသောမနသိကာရစိတ်နဲ့ “ဒါဟာ ဗေဒင်ဆရာတွေရဲ့ သဘာဝပေပဲ”ဆိုပြီး ခွင့်လွှတ်နားလည် ခဲ့လေသလား မပြောတတ်ပါဘူး။ ဘာပဲပြောပြော ဗေဒင် ဆရာတွေ အဇာတသတ်အပေါ် ကြီးမားတဲ့နှုတ်ပယောဂ ပြစ်မှုကြီးကို ကျူးလွန်ခဲ့တာတော့အမှန်ပါပဲ။

နောက်တစ်ယောက်က ဘုရင်ဗိမ္ဗိသာရပါ၊ တကယ်ဆို အနာထပိဏ်သူဌေးတို့လို သားဖြစ်သူကို ဘုရားဆီ မရောက်ရောက်အောင် ပို့ပေးရမှာပါ၊ ဒါမှမဟုတ်ခေါ် သွားရမှာပါ၊ အနာထပိဏ်သူဌေးကြီးရဲ့သား ကာလဆိုတာ ဘုရားဆီသွားဖို့ နည်းနည်းမှ အလိုမရှိသူပါ၊ မြတ်စွာဘုရား အိမ်ကြွလာရင်လဲ ဖူးမြင်ခြင်းလဲ မပြုဘူး၊ တရားနာခြင်းလဲ မပြုဘူး၊ ဝေယျာဝစ္စလုပ်ဖို့ဆိုတာကတော့ ဝေလာဝေး၊ ဒါပေမယ့် အနာထပိဏ်သူဌေးကြီးက သတိတရားရှိလေတော့ သူ့သားကို ဘုရားဆီမရောက်ရောက်အောင် ပို့ပေးခဲ့ပါတယ်၊ အားလုံးသိမှာပါ၊ အနာထပိဏ် သူဌေးကြီးက ဘုရားဆီ မသွားချင်တဲ့ သူ့သားကို ပထမ"ငွေအသပြာတစ်ရာ ပေးမယ်"ပြောပြီး ဘုရားဆီတရားသွားနာခိုင်းပါတယ်၊ ဒါပေမယ့် သားဖြစ်သူက ဘုရားဆီရောက်ရုံသာ ရောက်ပြီး အဆင်ပြေရာ တစ်နေရာမှာ ဝင်အိပ်ပြီး အိမ်ပြန်ခဲ့ပါတယ်၊ နောက်နေ့ကျတော့ တစ်ထောင်ပေးမယ်ပြောပြီး လွှတ်ပြန်ပါတယ်၊ ဒီလိုနဲ့ ငွေပေးပြီး လွှတ်ပါများလာတော့ ကာလသတို့သား သောတာပန် တည်သွားရောပဲ ဆိုပါတော့၊ ဒါအနာထပိဏ် သူဌေးကြီးက အဖေတစ်ယောက်အနေနဲ့ တာဝန်အကျေဆုံး အလုပ်ကို လုပ်လိုက်တာပါ။ ဘာဖြစ်လို့ ဒီလို ပြောရသလဲဆိုတော့ မြတ်စွာဘုရားနဲ့ ဗိမ္ဗိသာရမင်းကြီးဟာလဲ အလွန်ရင်နီး ကျွမ်းဝင်သူပါ၊ သေသာသွားတယ် သားဖြစ်သူအဇာတသတ်

ကို ဘုရားဆီ ဘာဖြစ်လို့ ခေါ်မသွားခဲ့သလဲ မေ့ပဲမေ့နေခဲ့သလား။ တမင်သက်သက်ပဲ မခေါ်ခဲ့လေသလား၊ စဉ်းစားစရာပါ။

တကယ်လို့သာ ပုဏ္ဏားဗေဒင်ဆရာတွေက နှုတ်မကမြင်းခဲ့ဘူးဆိုရင် ဗိမ္ဗိသာရမင်းကြီးကလဲ သားဖြစ်သူ အဇာတသတ်ကို ခပ်ငယ်ငယ်ကတည်းကသာ မြတ်စွာဘုရားဆီ ခေါ်သွားခဲ့ရင် ကံကြမ္မာဇာတ်လမ်း တစ်မျိုးပြောင်းသွားနိုင်ပါတယ်၊ ဘာဖြစ်လို့ ဒီလိုပြောရသလဲဆိုရင် အဇာတသတ်ဟာ သောတာပန်ဖြစ်မယ့် အတိတ်ဗီဇ ကုသိုလ်ကံပါလာလို့ပါပဲ၊ ဒါပေမဲ့ သိတဲ့အတိုင်းပါပဲ၊ ပစ္စုပ္ပန် အကုသိုလ်ကံကြီးက အတိတ်ကံကို တူးမျိုပစ်လိုက်ပါတယ်၊ ပစ္စုပ္ပန်ပြုတဲ့အကုသိုလ်ကံဟာ လူသားတစ်ယောက်အတွက် ဘယ်လောက် အရေးပါအရာရောက်တယ်ဆိုတာ သာဓကယူဖို့ပါ။

တကယ်တမ်း အဇာတသတ်ကို မြတ်စွာဘုရားဆီ ပို့ပေးသူကတော့ ဇီဝကပါ၊ အဇာတသတ်ဟာ အဘသတ်ပြီးနောက်ပိုင်း အိပ်မပျော်တော့ပါဘူး၊ လုံ့မတွေနဲ့ လာထိုးနေသလို ခံစားနေရပါတယ်၊ ဒီဝေဒနာတွေကို ကုစားပေးဖို့ ဇီဝက က အဇာတသတ်ကို မြတ်စွာဘုရားဆီ ခေါ်သွားပေးခဲ့ပါတယ်၊ ဒါပေမယ့် ထိုက်သင့်သလောက်တော့ အချိန်နှောင်းသွားပါပြီ။

ဇီဝက အဇာတသတ်ကို မြတ်စွာဘုရားဆီ ခေါ်သွားတဲ့ အချိန်က တန်ဆောင်မုန်းလပြည့်ညပါ။

မြတ်စွာဘုရားက အဇာတသတ်မင်းကို သာမညဖလသုတ်ကို ဟောပါတယ်၊ တရားဆုံးလို့ အဇာတသတ်မင်းပြန်သွားတဲ့အခါ မြတ်စွာဘုရားက တပည့်ရဟန်းတွေကို အမိန့်ရှိတဲ့စကားကို ဖတ်ရတာ အဇာတသတ်အတွက် ရင်ထဲမှာ အတော်လေး စိတ်မကောင်း ဖြစ်မိပါတယ်၊ မြတ်စွာဘုရားက ဘယ်လိုမိန့်သလဲဆိုတော့–

"ချစ်သားရဟန်းတို့ ဒီအဇာတသတ်မင်းဟာ ကိုယ့်ကိုယ်ကို တူးဖျိုဖျက်ဆီးခဲ့တယ် တကယ်လို့သာ အဘသတ်တဲ့ အကုသိုလ်ကံ မရှိခဲ့ရင် ဒီနေရာမှာပဲ သောတာပန်ဖြစ်သွားမှာပါ"တဲ့။

ကဲ–ဘယ်လောက် စိတ်မကောင်း ဖြစ်ဖို့ကောင်းသလဲ? ပစ္စုပ္ပန်ကံရဲ့ အရေးပါအရာရောက်ပုံကို ပြောတာပါ။

ဒါပေမယ့် အဇာတသတ်ဟာ ပစ္စုပ္ပန်ဘဝမှာ အဖသတ်ခြင်းဆိုတဲ့ အကုသိုလ်ကံကြီးကို ပြုခဲ့သလို ဒီပစ္စုပ္ပန်ဘဝမှာပဲ မြတ်စွာဘုရားနဲ့ တွေ့တော်မူခြင်းဆိုတဲ့ ကောင်းကံကြီးကိုလဲ ပြုလိုက်တော့ သူ့အတွက် တန်ပြန်အကျိုးသက်ရောက်မှုတွေရခဲ့ပါတယ်၊ အဲဒါတွေကတော့ အဘသတ်ကံကြောင့် အဝီစိငရဲကို ကျရမှာဖြစ်ပေမယ့် မြတ်စွာဘုရားနဲ့ တွေ့လိုက်ရတဲ့အတွက် အဝီစိငရဲထက် ငယ်တဲ့လောဟကုမ္ဘိငရဲကိုသာ ကျရောက်ရခြင်း၊ ယခင် အိပ်မပျော် ဖြစ်နေရာမှ ချမ်းချမ်းသာသာ အိပ်ပျော်သွားခြင်း မြတ်စွာဘုရားကို ကြည်ညိုတဲ့ ပုထုဇဉ်တွေထဲမှာ အဇာတသတ်နဲ့ တူသောသူ

မရှိလို့ မြတ်စွာဘုရားကိုယ်တိုင် ချီးမွမ်းခံရခြင်း၊ နောက်ဆုံး အကျိုးကတော့ နောင်အနာဂတ်မှာ ဝိဇိတာဝီဆိုတဲ့ နာမည်နဲ့ ပစ္စေကဗုဒ္ဓရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံရမှာပါပဲ၊ ဘာပဲပြောပြော အဇာတသတ်ကတော့ မိမိတို့နဲ့ စာရင်တရားဝင် နိဗ္ဗာန်ဝင်လက်မှတ်ရသွားပါပြီ။

ပြောလိုတာကတော့ ပစ္စုပ္ပန်ကံဟာ လူသားတစ်ယောက်အတွက် အဓိကအရေးကြီးဆုံးကံ ဖြစ်တယ်ဆိုတာပါ။ မသိနိုင်မမြင်နိုင်တဲ့ အတိတ်ကံကို ထားလိုက်ပါတော့၊ လက်ရှိပစ္စုပ္ပန်ဘဝမှာ (ရောက်ဆဲပစ္စုပ္ပန်အချိန်မှာ) ပစ္စုပ္ပန် ကံကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ယူတတ်ဖို့ပါပဲလေ။

## ၉။ ကံနဲ့ အကျိုးပေးခွင့်

တခါတလေတော့လဲ ကံတရားကနားလည်ရ အခက်သား၊ ကောင်းကံတွေ ပြုနေပေမယ့် အဆင်မပြေမှု တွေနဲ့ချည်းပဲ တွေ့နေရတတ်ပါတယ်၊ မကောင်းကံတွေနဲ့ ယှဉ်နေပေမယ့်လဲ ဘာပဲလုပ်လုပ် အဆင်ပြေနေတတ်ပါ တယ်၊ ဒီအဖြစ်မျိုးတွေက ဝန်းကျင်တိုင်းမှာ တွေ့နေရတာ ဖြစ်လေတော့ အမြင်အားဖြင့် သိပ်ပြီးဆန်းလှတယ်လို့တော့ မဆိုနိုင်ပါဘူး၊ ဒါပေမယ့် ဆန်းတာက ကံရဲ့သဘော တရားပါ။

ဥပမာပဲ ထားပါတော့၊ ကိုယ့်ဝန်းကျင်မှာ ရှိနေတဲ့ လူတစ်ယောက်၊ မကောင်းကံမှန်သမျှ အကုန်လုပ်နေတယ်၊ ဒါကို သူ့ဝန်းကျင်ကလည်း သိနေကြတယ်၊ ဒါပေမယ့် အဲဒီလူမှာ ချမ်းသာလိုက်တာ မပြောပါနဲ့တော့၊ လုပ်ငန်း ကိုင်ငန်းတွေ ကြည့်ဦးမလား၊ အားလုံးချောမွေ့လို့၊ ဘာဆို ဘာမှ အခက်အခဲ မရှိ။

ဒါမျိုးတွေ မြင်ရတော့ ကိုယ်ပြုနေကျကောင်းကံလေး အပေါ်မှာတောင် သံသယဝင်ချင်စရာ၊ ကံအပေါ် နားလည်ရ ခပ်ခက်ခက်။

ဟိုး ..... စောစောပိုင်း ကာလတွေကတော့ မိမိလဲ ဒီအတိုင်းပါပဲ။ နောက်ပိုင်း စာတွေဖတ်ရင်း သမ္ပတ္တိလေးပါးနဲ့ ဝိပတ္တိလေးပါးအကြောင်း ဖတ်မိတော့မှပဲ ထိုက်သင့်သလောက် နားလည်ခဲ့ရပါတယ်၊ နားလည်သလောက် ပြန်ရေးပြပရစေဦး။

ကံဆိုတာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံဆိုတာ ရှိပါတယ်၊ ကောင်းကံနဲ့ မကောင်းကံပေါ့၊ အဲဒီ ကံနှစ်ခုဟာ ပြုတိုင်းတော့ ပုံသေ အကျိုးမပေးပါဘူး။ သမ္ပတ္တိလေးပါးနဲ့ ကြုံနေရင် မိမိပြုထားတဲ့ အကုသိုလ်ကံဟာ အကျိုးမပေးနိုင်သလို ဝိပတ္တိလေးပါးနဲ့ ကြုံနေရင်လဲ မိမိပြုထားတဲ့ ကုသိုလ်ကံက အကျိုးမပေးနိုင် သေးပါဘူး။

သမ္ပတ္တိရဲ့ အနက်က ပြည့်စုံခြင်း၊ ဝိပတ္တိရဲ့ အနက်က ချွတ်ယွင်းခြင်းပါ။

သမ္ပတ္တိ–လေးပါးဆိုတာက–

၁။ ဂတိသမ္ပတ္တိ

၂။ ဥပဓိသမ္ပတ္တိ

၃။ ကာလသမ္ပတ္တိ

၄။ ပယောဂသမ္ပတ္တိ

အဲဒီအထဲမှာ ဂတိသမ္ပတ္တိဆိုတာ လူ့ပြည်,

နတ်ပြည်, ဗြဟ္မာပြည်ကိုပြောတာပါ၊ ဘဝကောင်းကိုရရှိခြင်း ပေါ့၊ ဂတိသမ္ပတ္တိမှာဖြစ်နေရင် အကုသိုလ်ကံက အကျိုးပေး ခွင့်မသာတော့ဘူး၊ ကုသိုလ်ကံရဲ့ အလှည့်ရောက်နေ ပါတယ်။

ဥပဓိသမ္ပတ္တိဆိုတာက ရုပ်အဆင်းလှပခြင်းကို ပြောတာပါ၊ လောကမှာ ဥပဓိသမ္ပတ္တိကလဲ အရေးကြီးပြန် ပါတယ်၊ အဲဒီ ဥပဓိသမ္ပတ္တိကိုရနေရင် အကုသိုလ်ကံက အကျိုးပေးခွင့်မသာတော့ဘူး၊ သီဟိုဠ်ကျွန်းမှာ ဘာတိကမင်း ဆိုတာရှိပါတယ်၊ အဲဒီမင်းက တိုင်းသူပြည်သားတွေကို နွားသားမစားရဘူးလို့ အမိန့်ထုတ်ထားပါတယ်၊ နွားသား စားခဲ့ရင် ဖမ်းပြီးဒဏ်ငွေတပ်တယ်၊ ဒဏ်ငွေမဆောင်နိုင်ရင် နန်းတော်ထဲကိုခေါ်ပြီး အမှိုက်ကျုံးတာတို့၊ မြေတူးတာတို့ကို လုပ်ရတယ်၊ တစ်နေ့ မိသားစုတစ်စုက တားမြစ်ထားတဲ့ ကြားက နွားသားခိုးစားကြတယ်၊ ဒီလိုနဲ့ဘုရင့်ရဲမက်တွေက မိရောဆိုပါတော့၊ ဒီတော့ ထုံးစံအတိုင်း ဒဏ်ငွေဆောင် ပေါ့၊ ဒါပေမယ့် အဲဒီမိသားစုက ဆင်းရဲတော့ ဒဏ်ငွေ မဆောင်နိုင်ဘူးတဲ့၊ ဒဏ်ငွေမဆောင်နိုင်တော့ နန်းတော်ခေါ် ခဲ့ကြတာပေါ့၊ နန်းတော်မှာက သူတို့မိသားစုတင် မကဘူးတဲ့၊ သူတို့လိုပဲ နွားသားခိုးစားကြတဲ့ တခြားမိသားစုတွေလဲ ပါတယ်၊ အဲဒီနွားသားခိုးစားတဲ့ သူတွေကို ဒဏ်ပေး တဲ့အနေနဲ့ အမှိုက်သိမ်း၊ မြေတူး၊ မြက်နုတ်ပေါ့၊ ဒါကို ဘာတိကမင်းက လေသာပြူတင်းက ကြည့်နေပါတယ်၊

စောစောကပြောခဲ့တဲ့ မိသားစုထဲမှာ တော်တော်ရုပ်အဆင်းလှတဲ့ ကောင်မလေးပါတယ်၊ နေပူကြဲကြဲမှာ ချွေးသံတရွှဲရွှဲနဲ့ ဒဏ်ထမ်းနေတဲ့ အဲဒီရုပ်လှလှကောင်မလေးကိုမြင်တော့ ဘုရင်က 'ဒီရုပ်ရည်နဲ့ ကြမ်းတမ်းတဲ့ အလုပ်တွေနဲ့ မတန်ဘူး'ဆိုပြီး မင်းချင်းတစ်ယောက်ကို ခေါ်ခိုင်းလိုက်တယ်၊ "သာမာဒေဝီ"ဆိုတဲ့ ဘွဲ့ပေးပြီး ဘုရင်က သူ့အနားမှာ ခစားဖို့ထားလိုက်တယ်၊ သူ့ရဲ့မိသားစုကိုလဲ ဒဏ်ထမ်းနေရာကနေ လွတ်ငြိမ်းချမ်းသာခွင့်ပေးတဲ့အပြင် အသက်မွေးနိုင်လောက်အောင် ငွေကြေးတွေနဲ့ မ,စလိုက်တယ်တဲ့၊ ဒါ ဥပဓိသမ္ပတ္တိက အကျိုးပေးလိုက်တာပါပဲ၊ လူတစ်ယောက်ရဲ့ ဥပဓိသမ္ပတ္တိဟာ သူနဲ့နွယ်တဲ့ မိသားစုကိုလဲ အကျိုးပေးသွားတယ်၊ အဲဒီလို ဥပဓိသမ္ပတ္တိနဲ့ ပြည့်စုံနေရင်လဲ အကုသိုလ်ကံက အကျိုးပေးခွင့် မသာပြန်ပါဘူး။

ကာလသမ္ပတ္တိဆိုတာက မြတ်စွာဘုရားပွင့်ရာအခါ၊ စကြာဝတေးမင်း ပေါ်ရာအခါ၊ မင်းကောင်း မင်းမြတ်တွေပေါ်ရာအခါကိုပြောတာပါ၊ မြတ်စွာဘုရားပွင့်နေရင် နိဗ္ဗာန်ရောက်ကြောင်းတရားတွေ နာကြားခွင့်ရနေမယ်၊ စကြာဝတေးမင်းပေါ်နေတဲ့ကာလဆိုရင်လဲ သူ့ဘုန်းကံအလျောက် တိုင်းပြည်ချမ်းသာကြွယ်ဝနေမယ်၊ မင်းကောင်း၊ မင်းမြတ်တွေ အုပ်စိုးနေတဲ့ ကာလဆိုရင်လဲ တိုင်းသူပြည်သားတွေ စားဝတ်နေရေး စီးပွားရေးတွေ ပြေလည်နေမယ်၊ ကျန်းမာရေးတွေ ကောင်းနေမယ်၊ ပညာတွေစိတ်

ကြုံကြိုက်သင်ခွင့်ရနေမယ်ပေါ့၊ အဲဒီ ကာလသမ္ပတ္တိနဲ့ ပြည့်စုံနေရင်လဲ အကုသိုလ်ကံက အကျိုးပေးခွင့် မသာပြန်ဘူး။

ပယောဂသမ္ပတ္တိဆိုတာက–သတိ, ဝီရိယ, ဉာဏ်တွေနဲ့ ပြည့်စုံနေတာကို ပြောတာပါ၊ လောကမှာ နေသမျှကာလပတ်လုံး အမြဲတမ်း သတိရှိနေမယ်၊ သွက်သွက်လက်လက် နိုးနိုးကြားကြားနဲ့ လုံ့လဝီရိယရှိနေမယ်၊ အရာရာကို နားလည်သဘောပေါက်ပြီး ထက်မြက်တဲ့ ဉာဏ်ပညာရှိနေမယ်၊ သတိဝီရိယဉာဏ်တွေယှဉ်ပြီး အားကြီးတဲ့ ကုသိုလ်တွေပြုနေမယ်၊ အဲဒီလိုဆိုပြန်ရင်လဲ အကုသိုလ်ကံက အကျိုးပေးခွင့် မသာပြန်ဘူး၊ လောကမှာ ကြီးပွားချမ်းသာနေတဲ့ သူတွေကို ကြည့်လိုက်ရင် ပယောဂသမ္ပတ္တိဆိုတဲ့ သတိ, ဝီရိယ, ဉာဏ် ပညာနဲ့ ပြည့်စုံနေတဲ့ သူတွေဖြစ်နေမယ်ဆိုတာ တွေ့ရပါလိမ့် မယ်၊ ဒီနေရာမှာ သတိထားရမှာက အတိတ်ကံရဲ့ သတ္တိက တစ်မတ်သားလောက်ပဲပါတယ်၊ ယခုပစ္စုပ္ပန်ဘဝ၊ သတိ, ဝီရိယ, ဉာဏ်ဆိုတဲ့ ပယောဂသမ္ပတ္တိက သုံးမတ်သားလောက် ပါရှိတယ်ဆိုတာ ကောင်းကောင်း သတိထားရမယ့် အကြောင်း မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသက အထူး သတိပေးထားပါတယ်၊ ဆိုလိုတာက ဒီပစ္စုပ္ပန်ဘဝမှာ ပယောဂသမ္ပတ္တိနဲ့ ကုသိုလ်ကံအကျိုးတွေကို ခံစားနိုင်ခွင့် ရှိသလို အကုသိုလ်ကံတွေကိုလဲ တားဆီးထားနိုင်တယ်၊ ဥပမာ–အဇာတသတ်မင်းကိုကြည့်၊ အဖကိုသတ်ထားတဲ့ ပါဏာတိပါတကံကြီးက

အဝီစိငရဲကို ကျိန်းသေမုချကျရမယ်၊ ဒါပေမယ့် သတိတွေ ဉာဏ်တွေဝင်လာပြီး မြတ်စွာဘုရားကိုသွားပြီး ဆည်းကပ် လိုက်တော့ ဘုရားရှင်ကို ဆည်းကပ်လိုက်တဲ့ ပယောဂ သမ္ပတ္တိကြောင့် အဝီစိငရဲမကျတော့ဘဲ အဝီစိငရဲထက်ငယ်တဲ့ လောဟကုမ္ဘီငရဲမှာပဲ ကျရတော့တယ်၊ နောက်အကျိုးတစ်ခု က အဲဒီငရဲက လွတ်လာ ရင် 'ဝိဓိတာဝီ'ဆိုတဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရမယ်တဲ့၊ ဒါ ပယောဂသမ္ပတ္တိရဲ့ အစွမ်းသတ္တိတွေပါပဲ၊

နောက်ဝိပတ္တိလေးပါးထဲမှာ ဂတိဝိပတ္တိဆိုတာ– ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံ ကို ပြောတာ၊ မကောင်းတဲ့ဘဝကို ရရှိတယ်ပေါ့၊ အဲဒီလို အပါယ်လေးဘုံဆိုတဲ့ ဂတိဝိပတ္တိနဲ့ ကြုံနေရင်လဲ ရှေးရှေး ဘဝက ကုသိုလ်ကံတွေ ရှိနေပေမယ့် ကုသိုလ်ကံက အကျိုး ပေးခွင့် မသာတော့ဘူး။

ဥပဓိဝိပတ္တိဆိုတာက ရုပ်အဆင်းမလှတာပါ၊ ဒီပရာဇာဆိုတဲ့ ဝတ္ထုမှာ မင်းကြီးက ဒီပရာဇာဆိုတဲ့ မင်းသား ကို ဖွားမြင်တော့ မင်းကြီးကသားကို ချစ်တာရော၊ မိဖုရား ကို ချစ်တာရော ပေါင်းပြီး မိဖုရားကို လိုရာဆုကိုတောင်း ပါလို့ ပြောတယ်၊ မိဖုရားကလဲ ကောင်းပြီ၊ အခုမယူသေးပါ၊ နောင်မှ ယူမယ်လို့ပြန်လျှောက်တယ်၊ အဲဒီ ဒီပရာဇာမင်း သားက ခုနစ်နှစ်၊ ရှစ်နှစ်အရွယ်မှာ ကြက်တိုက်တမ်း ကစား သတဲ့၊ မင်းသားဖြစ်ပြီး မကစားသင့်တဲ့ အရာကို ကစား

တော့ ကြက်က နောက်ပြန်ဆုတ်ရင်း မင်းသားရဲ့ မျက်စိကို ခွပ်လိုက်တာ မျက်စိပျက်ရော၊ ဒီလိုနဲ့ မင်းသားတစ်ဆယ့်ခြောက်နှစ်သားအရွယ်ရောက်လာတော့ မယ်တော်မိဖုရားက မင်းကြီးဆီကပ်ပြီး“အရှင်မင်းကြီး သားဖွားစဉ်ကာလက လိုရာဆုကို တောင်းပါလို့ အမိန့်ရှိထားပါတယ်၊ ယခု ထိုဆုကို တောင်းလိုပါတယ်”ပေါ့၊ မင်းကြီးကလဲ ‘မိဖုရား မြတ်ဆုယူလော့” ဆိုတော့ မိဖုရားက ‘အရှင်မင်းကြီး အကျွန်ုပ်သားအား မင်းအဖြစ်ကို ပေးတော်မူပါလော့’လို့ တောင်းတယ်၊ ဒီတော့ မင်းကြီးက ဘာပြန်ပြောသလဲ ဆိုတော့ ‘မိဖုရား–သင့်သားဟာ စက္ခုမစုံ၊ အင်္ဂါမြုံတဲ့ သူဖြစ်တယ်၊ တိုင်းပြည်နဲ့မတန် ဘူး၊ ဒါကြောင့် မင်းအဖြစ်ကို မပေးလို’လို့ ပြန်မိန့်လိုက်ပါတယ်၊ မိဖုရားကလဲ မလျှော့ဘူး၊ ထပ်တလဲလဲ တောင်းနေတော့ နောက်ဆုံး မင်းကြီးလဲ နှုတ်ဂတိကလဲ ရှိထားဖူးတော့ ‘သင့်သားကန်းအား ဒီအလုံးစုံသော သီဟိုဠ်ကျွန်းကိုတော့ မပေးနိုင်၊ အခြံအရံ ဖြစ်တဲ့ နာဂဒီပ ကျွန်းငယ်၌သာ မင်းပြုလေ’ လို့ ကျွန်းငယ် တစ်ခုကို ပေးလိုက်တယ်၊ ဒီဝတ္ထုကို ကြည့်၊ တကယ်လို့သာ ဒီပရာဇာ မင်းသားဟာ ဥပဓိသမ္ပတ္တိနဲ့ ပြည့်စုံခဲ့ရင် ယူဇနာသုံးရာလောက်ရှိတဲ့ သီဟိုဠ်တစ်ကျွန်းလုံးကို မင်းအဖြစ်နဲ့ အုပ်စိုးရမှာ၊ ခုတော့ ဥပဓိဝိပတ္တိဖြစ်နေတော့ ကုသိုလ်ကံက အကျိုးပေးခွင့် မသာတော့ဘူး။

ကာလဝိပတ္တိ ဆိုတာက–မြတ်စွာဘုရားရှင်နဲ့

ဝေးနေတဲ့ကာလ၊ ဆုတ်ကပ်ကာလ၊ မကောင်းတဲ့မင်းတွေ အုပ်စိုးနေတဲ့ ကာလကို ခေါ်တာပါ၊ အဲဒီကာလတွေမှာ ဒါန, သီလ, ဘာဝနာ, သမာဓိ, ပညာဆိုတဲ့ ကုသိုလ်တရား တွေကို ပြုခွင့်မရ၊ စားဝတ်နေရေးတွေကျပ်တည်း၊ ပြည်တွင်း စစ်တွေဖြစ်၊ ဥပမာ–အာဖဂန်နစ္စတန်တို့ ပါလက်စတိုင်းတို့ လို နိုင်ငံမျိုးပေါ့၊ အမြဲတမ်း စစ်တွေဖြစ်နေတော့ ပညာ သင်ကြားခွင့်မရ၊ စီးပွားရေးလုပ်ခွင့်မရ၊ တစ်သက်လုံး ဒုက္ခ သည်စခန်းမှာပဲ ရှက်ဖျင်တဲ့တွေထိုးပြီး နေကြရတာ၊ အဲဒီ ကာလဆိုးတွေနဲ့ ကြုံနေရင်လဲ ကုသိုလ်ကံက အကျိုးပေးခွင့် မရပြန်ဘူး။

ပယောဂဝိပတ္တိဆိုတာက–သတိမရှိ၊ ဝီရိယမရှိ၊ ဉာဏ်မရှိတာကို ပြောတာပါ၊ သတိ, ဝီရိယ, ဉာဏ်ကင်းတဲ့ သူဟာ ပညာပဲသင်သင်၊ စီးပွားရေးပဲ လုပ်လုပ်၊ အောင် မြင်မှုလမ်းကြောင်းနဲ့ ဝေးတတ်ပါတယ်၊ ဒါပြောသာပြောရ တယ်၊ သတိ, ဝီရိယ, ဉာဏ်ကင်းပြီဆိုရင် ပညာလဲ ကောင်းကောင်း သင်မှာမဟုတ်တော့သလို စီးပွားရေးလဲ ကောင်းကောင်းလုပ်တော့မှာ မဟုတ်ပါဘူး၊ ငွေလွယ်လွယ် ရတဲ့ အကုသိုလ်နဲ့ မကင်းတဲ့အလုပ်တွေပဲ လုပ်တော့မှာ၊ ဒီတော့ ကုသိုလ်ကံက ဘယ်လိုလုပ်လာပြီး အကျိုးပေး တော့မလဲ။

အထက်ကပြောခဲ့တဲ့ စကားတွေကို ပြန်အနှစ်ချုပ် လိုက်ရင် သမ္ပတ္တိလေးပါးနဲ့ ပြည့်စုံနေမယ်ဆိုရင် အကုသိုလ်

ပြုခဲ့ရင်တောင် အကုသိုလ်ကအကျိုးပေးခွင့် မသာဘဲ ကုသိုလ်ကံကချည်း အကျိုးပေးနေပါလိမ့်မယ်၊ ဝိပတ္တိလေးပါးနဲ့ ကြုံနေမယ်ဆိုရင်လဲ ကုသိုလ်ကံ အကျိုးပေးခွင့်မသာဘဲ အကုသိုလ်ကံကချည်း အကျိုးပေးနေပါလိမ့်မယ်။

ဒီနေရာမှာ အဓိက ပြောချင်တာကတော့ ပယောဂသမ္ပတ္တိပါ၊ လူတစ်ယောက်အတွက် ဂတိသမ္ပတ္တိ၊ ဥပဓိသမ္ပတ္တိ၊ ကာလသမ္ပတ္တိဆိုတဲ့ တရားသုံးပါးက ပြုပြင်ယူလို့ ခက်ခဲပေမယ့် ပယောဂသမ္ပတ္တိကတော့ ပြုပြင်ယူလို့ရပါတယ်၊ ဒါကို ကိုယ်က သိထားဖို့ပါပဲ၊ အတိတ်ပယောဂသမ္ပတ္တိကတော့ ပြုပြင်ယူလို့မရတော့ ထားလိုက်ပါတော့၊ ပြုပြင်ယူလို့ရတဲ့ ပစ္စုပ္ပန်ပယောဂ သမ္ပတ္တိကို ပြုပြင်သွားဖို့ပါပဲ၊ ဥပမာ ကိုယ်က ရုပ်မလှခဲ့ရင် "အော်... ငါဟာ အတိတ်ဘဝက စိတ်ထားညံ့ခဲ့လို့ ဒီဘဝမှာ ရုပ်မလှတာ၊ ဒီဘဝမှာစိတ်ထားလှအောင် နေမယ်၊ ရုပ်လှရာ လှကြောင်း ကုသိုလ်တွေကို ပြုမယ်"ဆိုပြီး သတိယှဉ်တာ၊ စိတ်ချမ်းသာအောင်နေတာ၊ ဥတုနဲ့သင့်လျော်တဲ့ အစာအဟာရကို စားတာ၊ အချိန်မှန်အိပ်ပြီး၊ အချိန်မှန်စားတာ၊ ပညာကို ဝီရိယရှိရှိ ကြိုးကြိုးစားစားနဲ့ သင်ယူတာ အခွင့်သင့်တိုင်း စွမ်းနိုင်တဲ့ ကုသိုလ်တွေကို စေတနာပါပါနဲ့ ပြုတာ၊ နိုးနိုးကြားကြားနဲ့ သတိရှိရှိနေတာ စသည်ဖြင့်ပေါ့၊ ဒါတွေဟာ ပစ္စုပ္ပန်ပယောဂသမ္ပတ္တိကို ကောင်းအောင် ပြုပြင်ယူတာပါပဲ။

ကျန်တာတွေတော့ ထားလိုက်ပါတော့လေ၊ ပြုပြင်

ခွင့်ရှိတဲ့ ပစ္စုပ္ပန်ပယောဂသမ္ပတ္တိကိုတော့ ပြုပြင်တည်ဆောက်တတ်ဖို့ပါပဲလေ။ ဒါဆိုရင် ရသင့်ရထိုက်တဲ့ အကျိုးကတော့ အခွင့်သင့်လာပါလိမ့်မယ်။

## ၁၀။ ဝါသနာဘာဂီဆက်တိုင်းမီ

ဝါသနာဆိုတာ စွဲမိပြီဆိုမှဖြင့် တားဆီးရတော်တော်ခက်လှပါတယ်၊ အထုံများခဲ့ရင် များခဲ့သလောက် တားဆီးရ ခက်ပါတယ်၊ မိမိရဲ့ အသိတွေထဲမှာ တစ်ယောက်က ညအိပ်ခါနီးရေချိုးပြီး အိပ်မှအိပ်ပျော်ပါသတဲ့၊ ရေမချိုးဘဲနဲ့ အိပ်တဲ့နေ့ဆို အိပ်မပျော်တော့ပါဘူးတဲ့။ နောက်တစ်ယောက်ကတော့ မနက်အိပ်ရာက နိုးတာနဲ့ ခြင်ထောင်ထဲက ခေါင်းမထွက်သေးဘဲ အိပ်ရာဘေးက ဆေးလိပ်နဲ့မီးခြစ်ကို အရင်စမ်းပြီး ဆေးလိပ်ကို အားရပါးရ ဖွာရှိုက်ပြီးမှ အိပ်ရာက ထလေ့ရှိပါသတဲ့၊ ဒီလိုပါပဲ ကွမ်းစွဲနေတာ၊လဘက်ရည်စွဲနေတာ၊ ညညမြဝတီရုပ်မြင်သံကြားကလာတဲ့ တရုပ်ကားကို စွဲနေတာ၊ အစားကောင်း တစ်ခုခုရလာရင် ကိုယ်တစ်

ယောက်ထဲ မစားတတ်ဘဲ ကိုယ့်ဝန်းကျင်ကို ခွဲဝေပြီးမှ စားတတ်တာ၊ တစ်ဖက်သား အခက်အခဲနဲ့ ကြုံလာရင် ကြည့်မနေတတ်တာ၊ တစ်ပတ်တစ်ခါ ဘုန်းကြီးကျောင်း၊ ရိပ်သာ သွားပြီး ဝေယျာဝစ္စလုပ်လေ့ရှိတာ၊ မနက်စောစော ထပြီး ပဌာန်းရွတ်တာ၊ ညနေတိုင်း အရက်မသောက်ရ မနေနိုင်တာ၊ ကိစ္စတိုင်း ကိစ္စတိုင်း ကိုယ့်အတွက်ပဲချန်စဉ်စား တတ်တာ သူတစ်ပါး မကောင်းကြောင်း ပြောတတ်တာ၊ အခွင့်ကြုံတိုင်း ခိုးတတ်တာ စသည် စသည်ဖြင့် သေးသေး ဖွဲဖွဲကနေကြီးကြီးမားမားအထိပေါ့၊ အထုံဝါသနာကို အခြေခံ ပြီး မလုပ်ရရင်မနေနိုင်လောက်အောင် စွဲနေကြတဲ့အစွဲတွေပါ။

ကောင်းတဲ့အစွဲလေးတွေ စွဲနေတာတော့ အထူး ပြောစရာ မရှိသလို ဆေးလိပ်စွဲတာ ကွမ်းစွဲတာ တရုပ်ကား စွဲတာတို့ဟာလဲ လောကပြစ်၊ ဓမ္မပြစ်မရှိတဲ့အတွက် အထူးပြောစရာ မရှိပါဘူး၊ လောကပြစ် ဓမ္မပြစ် ဖြစ်စေတဲ့ အစွဲမျိုးကျတော့ ပြောစရာက ဖြစ်လာပါပြီ။ ဒီအစွဲတွေဟာ ကိုယ့်အတွက် အကျိုးမရှိသလို လောကအတွက်လဲ အကျိုး မရှိပါဘူး။ အစွဲဆိုတာ ဝါသနာပါပဲ၊ ဒီဝါသနာတွေကို အမျိုးအားဖြင့်ခွဲရင် အတ္တဟိတဝါသနာ၊ ပရဟိတဝါသနာ၊ အတ္တနဲ့ ပရဟာန်ချက် ညီညီပြုတတ်တဲ့ ဝါသနာဆိုပြီး သုံးမျိုး တွေ့ရပါလိမ့်မယ်၊ တချို့ဝါသနာတွေဟာ ပစ္စုပ္ပန် တစ်ဘဝ နဲ့သာဆိုင်ပြီး တချို့ဝါသနာတွေကျတော့ အတိတ်ဘဝ၊ ပစ္စုပ္ပန်ဘဝ၊ အနာဂတ်ဘဝသုံးခုလုံးနဲ့ ဆက်စပ်နေပါတယ်၊

အတိတ်ဘဝက ပရဟိတလုပ်တာ ဝါသနာပါခဲ့ရင် ဒီပစ္စုပ္ပန် ဘဝမှာလဲ ပရဟိတလုပ်တာကို ဝါသနာပါနေမှာပါ၊ ဒီပစ္စုပ္ပန်ဘဝမှာ ပရဟိတဝါသနာ ပါနေရင် နောင်အနာဂတ် ဘဝမှာလဲ ဆက်ပြီးဝါသနာ ပါနေဦးမှာပါ၊ ဒီလို ဘာဖြစ်လို့ ပြောရသလဲဆိုတော့ ပိဋကတ်စာပေမှာ ပါရမီ အနုအရင့် ပုဂ္ဂိုလ်တွေရဲ့ အတ္ထုပ္ပတ္တိတွေ ဖတ်ရတဲ့အခါ သူတို့ သူတို့ရဲ့ ကိုယ်စီ ကိုယ်စီဝါသနာတွေဟာ အတိတ် ပစ္စုပ္ပန် အနာဂတ် သုံးခုလုံးနဲ့ ဆက်စပ်နေကြတာကို တွေ့ရလို့ပါ၊ ကောင်းတဲ့ ဝါသနာပါပုံလေးတွေ မကောင်းတဲ့ဝါသနာပါပုံလေးတွေ အမျိုးမျိုးပါပဲ၊ အဲဒီအထဲက ဝါသနာဆက်ကာ ဆက်ကာ ပါခဲ့လေတဲ့ သာကီဝင်မင်းသား အရှင်ဥပနန္ဒ အကြောင်းကို ပြောပြပါရစေ။

အရှင်ဥပနန္ဒဟာ တရားဟော တော်တော်ကောင်းတဲ့ ဓမ္မကထိကတစ်ပါးလို့ ဆိုပါတယ်၊ အရှင်ဥပနန္ဒရဲ့ ပရိသတ်တွေထဲမှာ လူပရိသတ်သာမကဘဲ ရဟန်းပရိသတ် တွေလဲ တော်တော်များများပါပါတယ်၊ အရှင်ဥပနန္ဒက ရဟန်းတွေ အလိုနည်းဖို့ တရားစကားတွေ ဟောပါသတဲ့၊ ဒီတော့ တရားနာတဲ့ ရဟန်းတွေက အရှင်ဥပနန္ဒရဲ့ အလို နည်းခြင်းတရားကို သဘောကျပြီး မိမိတို့မှာရှိတဲ့ သင်္ကန်း တွေကို အရှင်ဥပနန္ဒကို စွန့်လှူခဲ့ပြီး တိစီဝရိတ်ဓုတင် ဆောက်တည်ကုန်ကြပါသတဲ့၊ အရှင်ဥပနန္ဒက အဲဒီလို တရားဟောကောင်းတာပါ၊ ဒီလိုတရားတွေဟောရင်း ဝါဆို

ဖို့အချိန်နီးလာခဲ့ပါတယ်။ ဒါကြောင့် အရှင်ဥပနန္ဒလဲ ဝါဆို ဖို့အတွက် တစ်ခုသော ဇနပုဒ်ကို ကပ်ခဲ့ပါတယ်၊ တိုက် တိုက်ဆိုင်ဆိုင်ပါပဲ၊ အဲဒီဇနပုဒ်မှာရှိတဲ့ရဟန်းသာမဏေတွေ က တရားဟောကောင်းတဲ့ အရှင်ဥပနန္ဒကို ချစ်ကြည် မြတ်နိုးရင်းစွဲရှိတဲ့ ရဟန်းသာမဏေတွေပါ၊ ကျောင်းတစ် ကျောင်းမှာနေနေကြတဲ့ ရဟန်းငယ်တစ်ပါးနဲ့ ကိုရင်တစ်ပါး တို့ဟာ အရှင်ဥပနန္ဒကို ချစ်ကြည်ရင်းစွဲရှိတာနဲ့ သူတို့ ကျောင်းမှာ ဝါဆိုဖို့ ဖိတ်ပါတယ်၊ ဒီတော့ အရှင်ဥပနန္ဒက ဘယ်လိုမေးသလဲဆိုတော့ 'ဒီကျောင်းမှာဝါဆိုသင်္ကန်း ဘယ်နှစ်ထည်ရမှာလဲ'တဲ့ ၊ ရဟန်းငယ်နဲ့ကိုရင်ကလဲ 'တစ်ထည်ရမှာပါ'လို့ ပြန်လျှောက်ကြပါတယ်၊ အရှင်ဥပနန္ဒ က အဲဒီကျောင်းမှာ ဖိနပ်ကိုထားခဲ့ပြီး တစ်ခြားကျောင်းကို ထွက်သွားပါတယ်။ ဒုတိယမြောက် ကျောင်းရောက်တော့လဲ အဲဒီကျောင်းက အရှင်ဥပနန္ဒကို ဝါဆိုဖို့ဖိတ်ပြန်ပါတယ်၊ အရှင်ဥပနန္ဒကလဲ ရှေ့နည်းအတိုင်း ဝါဆိုသင်္ကန်း ဘယ်နှစ် ထည် ရမှာလဲပေါ့၊ နှစ်ထည်လို့ဆိုတော့ အဲဒီကျောင်းမှာ တောင်ဝှေးကို ထားခဲ့ပြီး တခြားကျောင်းကို ထွက်ခဲ့ပြန်ပါ တယ်၊ သုံးခုမြောက်ကျောင်းကျတော့ သုံးထည် ရမယ်ဆို တော့ ရေဘူးကို ထားခဲ့ပါတယ်၊ လေးခုမြောက် ကျောင်းကျ မှပဲ သင်္ကန်းလေးထည်ရမယ်ဆိုလို့ ဝါဆိုဖြစ်ပါတော့တယ်။

လေးခုမြောက်ကျောင်းမှာ ဝါဆိုရင်း အရှင်ဥပနန္ဒ က ရဟန်းရှင်လူတွေကို တရားဟောပါတယ်၊ အရှင်ဥပနန္ဒ

ရဲ့ တရားကိုသဘောကျလို့ တရားနာပရိသတ်တွေက သင်္ကန်းတွေနဲ့ ပူဇော်ကြပါတယ်၊ ဒီလိုနဲ့ တရားတွေဟော ရင်း ဝါကျွတ်လာရောပဲဆိုပါတော့၊ ဒီတော့ အရှင်ဥပနန္ဒက သူ့ပစ္စည်းတွေထားခဲ့တဲ့ ကျောင်းသုံးကျောင်းကို "ငါ့ရဲ့ ပရိက္ခ ရာ ထားအပ်တဲ့အတွက် ဝါဆိုသင်္ကန်းကိုလဲ ရထိုက်တယ် ဒီအတွက် သင်တို့လာပို့ကြပါ" လို့ သတင်စကား ပို့လိုက် ပါတယ်၊ သတင်းအပို့ခံရတဲ့ ကျောင်းသုံးကျောင်းကလဲ အရှင်ဥပနန္ဒကို ချစ်ကြည်ရင်းစွဲရှိကြတာဆိုတော့ ဝါဆို သင်္ကန်းတွေကို ကိုယ်စီကိုယ်စီ လာပို့ရှာပါတယ်၊ အရှင် ဥပနန္ဒရတဲ့ သင်္ကန်းတွေဟာ လှည်းတစ်စီးတိုက်လို့ ဆိုပါ တယ်၊ အရှင်ဥပနန္ဒက အဲဒီသင်္ကန်းတွေကို လှည်းနဲ့ အပြည့် တင်ပြီး တခြားသပ္ပါယသင့်ရာနေရာတစ်ခုကို သိတင်းသုံး ဖို့ ထွက်ခဲ့ပါတယ်။

အဲဒီလို ထွက်လာရင်း ကျောင်းတစ်ကျောင်းမှာ ရဟန်းငယ်နှစ်ပါး သင်္ကန်းအဝေမတည့် ဖြစ်နေတာနဲ့ သွား တိုးပါတယ်၊ ကမ္ဗလာ သင်္ကန်းတစ်ထည်ရယ် ရိုးရိုးသင်္ကန်း နှစ်ထည်ရယ်ကို အဝေမတည့် ဖြစ်နေကြတာပါ၊ ကမ္ဗလာ သင်္ကန်းတစ်ထည်ကတစ်ပုံ၊ ရိုးရိုးသင်္ကန်းနှစ်ထည်က တစ်ပုံ ကို နှစ်ပါးလုံးက ကမ္ဗလာသင်္ကန်းအပုံကိုပဲလိုချင်နေကြ တာပါ၊ အရှင်ဥပနန္ဒရောက်လာတော့ ရဟန်းငယ်နှစ်ပါး ကလဲ ဝမ်းမြောက်ဝမ်းသာနဲ့ သူတို့ကို သင်္ကန်းခွဲဝေပေးဖို့ တောင်းပန်ကြပါတယ်၊ ပထမတော့ အရှင်ဥပနန္ဒက

ငြင်းဆိုပါသေးတယ်၊ ရဟန်းနှစ်ပါးက ထပ်တောင်းပန်တာနဲ့ "ငါ့ရဲ့ဆုံးဖြတ်မှုကို အတည်လိုက်နာနိုင်မလား" လို့မေးပါတယ်၊ ရဟန်းငယ်နှစ်ပါးကလဲ လိုက်နာပါ့မယ်ပေါ့၊ "ဒါဆိုကောင်းပြီ"ဆိုပြီး ရိုးရိုး သင်္ကန်းနှစ်ထည်ကို တစ်ပါးတစ်ထည်စီ ခွဲဝေပေးလိုက်ပြီး "ဒီကမ္ဗလာသင်္ကန်းကတော့ တရားဆုံးဖြတ်တဲ့ငါတို့သာ ရထိုက်တယ်"ဆိုပြီး ကမ္ဗလာသင်္ကန်းကို ယူသွားပါတော့တယ်၊ ရဟန်းငယ်နှစ်ပါးလဲ နှလုံးမသာမယာဖြစ်ပြီး မြတ်စွာဘုရားဆီ သွားလျှောက်ကြပါတယ်၊ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ဥပနန္ဒဟာ ဒီဘဝမှာသာ သင်တို့ရဲ့ ဥစ္စာကိုယူပြီး နှလုံးမသာမယာဖြစ်အောင်လုပ်တာ မဟုတ်သေးဘူး၊ ရှေး၌လဲ ဒါမျိုးပြုခဲ့ဖူးတယ်"ဆိုပြီး အတိတ်ဝတ္ထုကို ပြန်ဟောပြပါတယ်။

အတိတ်ဝတ္ထုက အားလုံးကြားဖူးသိဖူးကြတဲ့ အတိုင်းပါပဲ၊ လွန်လေပြီးသော ကာလတစ်ခုက ရေတိမ်မှာ ကျက်စားတဲ့ဖျံနဲ့၊ ရေနက်မှာ ကျက်စားတဲ့ဖျံတို့ဟာ ငါးကြင်းကြီးတစ်ကောင်ရလာပြီး "ငါက ခေါင်းပိုင်း၊ သင်က အမြီးပိုင်း"ဆိုပြီး အငြင်းမတည့်ဖြစ်နေကြချိန်မှာ မြေခွေးတစ်ကောင် ရောက်လာပါတယ်၊ ဒီတော့ ဖျံနှစ်ကောင်ကလဲ ဝမ်းသာအားရနဲ့ မြေခွေးကို သူတို့ရလာတဲ့ ငါးကြင်းကို ခွဲဝေပေးဖို့ ပြောကြပါတယ်၊ ဒီတော့ မြေခွေး က "မင်းကြီးက ငါ့ကို တရားဆုံးဖြတ်ရာမှာ ထားတယ်၊ အခု ငါလမ်းလျှောက်ထွက်လာတာ မအားလှဘူး"လို့ ဆိုပါတယ်၊

ဖျံ့နှစ်ကောင်ကလဲ ငါးကြင်းကို ခွဲဝေပေးဖို့ ထပ်မံတောင်းဆို ပါတယ်၊ အဲဒီတော့မှ မြေခွေးက "ငါဆုံးဖြတ်တဲ့အတိုင်း လက်ခံကြမလား"ဆိုပြီး မေးပါတယ်၊ ဖျံ့နှစ်ကောင်ကလဲ လက်ခံပါ့မယ်ပေါ့၊ မြေခွေးက "ဒါဆိုကောင်းပြီ" ဆိုပြီး ငါးခေါင်းပိုင်းကို တစ်ပုံ၊ ငါးအလည်ပိုင်းကို တစ်ပုံ၊ ငါးအမြီးပိုင်းကိုတစ်ပုံ၊ အားလုံးပေါင်း သုံးပုံ ပုံပြီး "ရေတိမ်မှာ ကျက်စားတဲ့ဖျံ့က အမြီးပိုင်းကိုယူစေ၊ ရေနက်မှာ ကျက်စားတဲ့ဖျံ့က ခေါင်းပိုင်းကို ယူစေ၊ အလယ်ပိုင်းကတော့ တရားဆုံးဖြတ်တဲ့ ငါ့အတွက်"ဆိုပြီး ယူသွားပါတော့သတဲ့။

မြတ်စွာဘုရားက အတိတ်ဝတ္ထုကို ဟောပြီးတော့ အရှင်ဥပနန္ဒကို ကဲ့ရဲ့ပါတယ်၊ နောက်–အောက်ပါဩဝါဒကို ပေးပြီးတရားကို အဆုံးသတ်ပါတယ်။

"သူတစ်ပါးကို ဆုံးမလိုသောသူသည် ရှေးဦးစွာ မိမိကိုယ်ကို သင့်တင့်လျောက်ပတ်သော ဂုဏ်သဘော၌ တည်စေအပ်၍ နောက်မှ သူတစ်ပါးကို ဆုံးမရာ၏၊ ပညာရှိသောသူသည် မညစ်နွမ်းစေရာ"တဲ့။

ဆရာမကြီး ခင်နှင်းယုရဲ့ "ပန်းပန်လျက်ပါ"ဝတ္ထုထဲမှာ မပေဒါပြောတဲ့ စကားတစ်ခွန်းရှိပါတယ်၊ ဘာလဲဆိုတော့ "လူတွေဟာ ကိုယ့်အတွက်တော့ တစ်ကွက်ချန် စဉ်းစားတတ်တယ်"တဲ့။

အရှင်ဥပနန္ဒလဲ ဒီအတိုင်းပါပဲ၊ ကိစ္စတိုင်း ကိစ္စတိုင်းမှာ ကိုယ့်အတွက်တစ်ကွက်ချန် စဉ်းစားတတ်၊

ဆုံးဖြတ်တတ်တဲ့၊ ဝါသနာလေးက အတိတ်ဘဝက ပါလာတာဖြစ်လေတော့ ဒီပစ္စုပ္ပန်ဘဝ ရဟန်းဘဝရောက် နေတာတောင် သူ့ဝါသနာအတိုင်း ကျင့်သုံးနေတုန်းပါ၊ တကယ်လို့သာ သူများအတွက် တစ်ကွက်ချန် စဉ်းစားတတ်တဲ့ ဝါသနာလေးသာပါခဲ့ရင် မြတ်စွာဘုရားရဲ့ ချီးမွမ်းမှုကို ခံရမှာပါ၊ ဒီထက်ဆုံးဖြတ်မှုတွေ ကောင်းခဲ့ရင် ဧတဒဂ်တောင်ရဦးမှာပါ၊ အခုတော့ လူ့ဝန်းကျင် လူ့အဖွဲ့အစည်းမှာ မရှိသင့်တဲ့ဝါသနာလေးပါခဲ့လေတော့ လောကရဲ့ အကျည်းတန်အမူရာလေး ဖြစ်သွားပါတယ်။

အရှင်ဥပနန္ဒရဲ့ ဝတ္ထုကို ကြည့်လိုက်ပါ၊ ဝါသနာဆိုတာ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်ဘဝ သုံးခုလုံးနဲ့ဆက်စပ်နေတာ တွေ့ရပါလိမ့်မယ်။ ဝါသနာဆိုတာဘဝအဆက်ဆက် ကပ်ကပ်ပါနေမှာဆိုတော့ ရှည်လျားလှတဲ့သံသရာ ခရီးတစ်လျှောက် ကောင်းတဲ့ဝါသနာလေးတွေဆက်ကာ ဆက်ကာ ပါသွားအောင်, မကောင်းတဲ့ ဝါသနာလေးတွေ ဒီပစ္စုပ္ပန်ဘဝမှာပဲ ပြတ်ပြတ်ကျန်ခဲ့အောင်သတိဉာဏ် ယှဉ်ပြီး တည်ဆောက်ယူတတ်ရပါမယ်။

"ဘယ်လိုတည်ဆောက်ယူမလဲ?

စာမှာ အတ္တသမ္မာပဏိဓိဆိုတာ ရှိပါတယ်၊ အဓိပ္ပါယ်ကမိမိရဲ့ ကိုယ်နဲ့စိတ်ကို ကောင်းစွာတည်ဆောက်ခြင်းတဲ့။ အဲဒီ အတ္တသမ္မာပဏိဓိနဲ့တည်ဆောက်ယူရပါမယ်၊ ဘယ်လိုတည်ဆောက်မလဲဆိုတော့ မတွေးသင့် မတွေးထိုက်

တာကို မတွေးဘူး။ တွေးသင့်တွေးထိုက်တာကို တွေးမယ် မပြောသင့်၊ မပြောထိုက်တာကို မပြောဘူး။ ပြောသင့် ပြောထိုက်တာကို ပြောမယ်၊ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ဘူး၊ လုပ်သင့်လုပ်ထိုက်တာကို လုပ်မယ် အာရုံတစ်ခုအပေါ်မှာ အကောင်းမြင်စိတ်နဲ့ပဲ ကြည့်မယ်။ အဆိုးမြင်စိတ်နဲ့မကြည့်ဘူး။ ဒါနပြုရမှာဝန်လေးနေတတ်တဲ့ စိတ်ကလေးကို ဒါနပြုချင်စိတ်ဖြစ်လာအောင် ပေတေလုပ်မယ်၊ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထားမယ်။ အတ္တပရယှဉ်လာရင် ပရကိုရှေ့တန်းတင်ပြီး စဉ်းစားမယ်၊ ကျင့်သင့်ကျင့်ထိုက်တာကို ကျင့်မယ် စသည် စသည်ဖြင့်ပေါ့၊ ဒါတွေဟာ မိမိရဲ့ ကိုယ်နဲ့စိတ်ကို ကောင်းစွာတည်ဆောက်ယူတဲ့ အတ္တသမ္မာပဏိဓိပါပဲ၊ မိမိရဲ့ ကိုယ်နဲ့စိတ်ကို ကောင်းစွာဆောက်တည်ပုံနဲ့ ပတ်သက်ပြီး မိလိန္ဒမင်းကြီးရဲ့ မိမိရဲ့ကိုယ်နဲ့စိတ်ကို ကောင်းစွာ ဆောက်တည်ပုံကလဲ တကယ့်အတုယူစရာပါ။

မိလိန္ဒမင်းကြီးမေးပြီး အရှင်နာဂသိန် ဖြေထားတဲ့ "မိလိန္ဒပဉှာ"ဆိုတဲ့ ကျမ်းဟာ သာသနာမှာ ထင်ရှားတဲ့ကျမ်းတစ်ကျမ်းပါ။ မိလိန္ဒမင်းကြီးဟာ အရှင်နာဂသိန်ကို ဘာသာရေးပြဿနာ အချို့မေးပြီး တကယ့်အရေးကြီးတဲ့ သာသနာရေးဆိုင်ရာ ပြဿနာတွေ ကို မေးရတော့မယ်ဆိုတော့ မမေးခင် မိမိရဲ့ကိုယ်နဲ့စိတ်ကို ဦးစွာ(၇)ရက်ပတ်လုံး ကောင်းစွာဆောက်တည်လိုက်ပါတယ်။

ဘယ်လိုဆောက်တည်သလဲဆိုတော့ နံနက်စော စော အိပ်ရာကထပြီး ရေချိုး ကိုယ်လက်သန့်စင်ပြီး ဖန်ရည် ဆိုးထားတဲ့ အဝတ်ကိုဝတ်ပါတယ်၊ ပြီးတော့ အောက်ပါ အချက်(၅)ချက်ကို ကိုယ်တိုင် စည်းကမ်းချက်ထုတ်ပြီး လိုက်နာကျင့်သုံးပါတယ်။

၁။ (၇)ရက်အတွင်း မင်းကိစ္စကို မပြုတော့ပြီ။

၂။ ရာဂစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၃။ ဒေါသစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၄။ မောဟစိတ်ကို မဖြစ်အောင် စောင့်စည်းမည်။

၅။ ကျေးတော်၊ ကျွန်တော်၊ အလုပ်သမား၊ အမှုတော် ထမ်းတို့အပေါ်၌ စိတ်ကိုနိမ့်ချ၍ မာန်မာန မဖြစ် အောင် စောင့်စည်းမည်။

၆။ ကိုယ်မှု၊ နှုတ်မှုများ ထူးခြားစွာ စောင့်စည်းမည်။

၇။ မြင်ရ၊ ကြားရ၊ တွေ့ရ၊ သိရသမျှသော အာရုံများ အတွက် အကုသိုလ်မဖြစ်အောင် မျက်စိ၊ နား စသော ဣန္ဒြေများကို စောင့်စည်းမည်။

၈။ အားလုံးသော သတ္တဝါတို့ အပေါ်၌ မေတ္တာစိတ် ထားမည်။

မိလိန္ဒမင်းကြီးဟာ အဲဒီအချက် (၈)ချက်ကို (၇) ရက်ပတ်လုံး စောင့်စည်းပြီးမှ အရှင်နာဂသိန်ကို မေးပါ တယ်၊ ဒါကိုယ့်ကိုယ်ကို တည်ဆောက်တဲ့သဘောပါ၊ လောကမှာ သူတစ်ပါးက တည်ဆောက်ပေးတာထက် ကိုယ့်

ကိုယ်ကို ကြည်ညိုလာအောင် ကိုယ်တိုင်တည်ဆောက်ယူတာ အကောင်းဆုံးပါ။

အတ္တသမ္မာပဏိဓိရှိတဲ့ သူဟာ ကောင်းတဲ့ဝါသနာလေးတွေကို ဆက်ကာ ဆက်ကာ ပြုနေမှာဖြစ်သလို မကောင်းတဲ့ ဝါသနာလေးတွေကိုလဲ အနာဂါတ်ဘဝအထိ ပါမသွားအောင် တတိတိနဲ့ ဖြတ်နေမှာပါ။

ရေအိုးထဲကို တစ်နေ့ ရေတစ်စက်ပဲ ကျတယ်ဆိုပေမယ့် ရက်ကြာလာတဲ့အခါ အိုးထဲမှာ ရေပြည့်သွားမှာ ဖြစ်သလို ကောင်းတဲ့ ဝါသနာပဲဖြစ်ဖြစ် မကောင်းတဲ့ဝါသနာပဲဖြစ်ဖြစ် ဆက်ကာ ဆက်ကာ ပြုနေမယ်ဆိုရင်တော့ ကြာလာရင် ကိုယ့်သန္တာန်မှာရေအိုးပြည့် သလိုပြည့်လာမှာပါပဲ၊ ကောင်းတဲ့ဝါသနာလေးတွေ ကိုယ့်သန္တာန်မှာ ပြည့်ပြည့်လာရင် ကိုယ့်အတွက်ကော လောကအတွက်ကော အကျိုးရှိပါတယ်၊ မကောင်းတဲ့ဝါသနာလေးတွေ ကိုယ့်သန္တာန်မှာ ပြည့်ပြည့်လာမယ်ဆိုရင်တော့ သံသရာခရီးတစ်လျှောက် ကိုယ့်အတွက်ကော လောကအတွက်ကော အကျိုးမရှိပါဘူး၊ အတင်းပြောတတ်တာ ဝါသနာပါတဲ့သူဟာ တစ်နေ့တစ်ခါလောက် အတင်းပြောလိုက်ရမှပဲ နေသာထိုင်သာ ရှိပါလိမ့်မယ်။ ဒီဘဝ အတင်းပြောတတ်တာ ဝါသနာပါနေရင် နောက်ဘဝလဲအတင်းပြောတာ ဝါသနာပါနေဦးမှာပါ။

ရှည်လျားလှတဲ့ သံသရာခရီးတစ်လျှောက်မှာ

ကောင်းတဲ့ဝါသနာလေးတွေ ဆက်ကာ ဆက်ကာ ပါသွား အောင် မကောင်းတဲ့ ဝါသနာလေးတွေ ပြတ်ကျန်ခဲ့အောင် အတ္တသမ္မာပဏိဓိဆိုတဲ့စက်နဲ့ သတိဉာဏ်ယှဉ်ပြီး တည် ဆောက်ယူတတ်ဖို့ပါပဲလေ။

# ၁၁။ ကမ္မနိယာမ

ပြီးခဲ့တဲ့ နွေရာသီက အောင်လံဖက်ကို ခရီးတစ်ခု ထွက်ဖြစ်လိုက်ပါသေးတယ်။ သူငယ်ချင်းဦးဇင်းတစ်ပါး နယ်ပြန်ရင်း ကားအကျက်စီးဒင့်ဖြစ်လို့ သတင်းသွားမေးတာပါ၊ တစ်ခါတလေ တချို့လောက ဖြစ်စဉ်တွေဟာ စိတ်ကူးရင် ဝတ္ထုတွေထက်တောင် ဆန်းကြယ်တတ်တယ် လို့ ဆိုကြပါ တယ်၊ အခုလဲ သူငယ်ချင်းဦးဇင်းရဲ့ ဖြစ်စဉ်ကိုကြည့်ပါဦး။

ဧပြီ (၉)ရက်နေ့မှာ နယ်ပြန်ဖို့စီစဉ်တော့ တခြား ဦးဇင်းတစ်ပါးက (၁၀)ရက်နေ့မှ ပြန်ဖို့အသေအချာ တားပါ သေးတယ်၊ တားတဲ့ကြားကပဲ (၉)ရက်နေ့ ပြန်ဖို့လက်မှတ် ဖြတ်ခိုင်းလိုက်ပါတယ်၊ ဒီလိုနဲ့ပဲ (၉)ရက်နေ့ကားဂိတ်ကို ရောက်တော့ မူလလက်မှတ် ဖြတ်ထားတဲ့ကားနဲ့ လိုက်ခွင့်

မရဘဲ တခြားကားနဲ့ ပြောင်းလဲတင်ပေးမှုကို ခံရပြန်ပါတယ်၊ မူလကားတုန်းက ဖြတ်ထားတဲ့လက်မှတ်က အလယ်ခုံမှာဖြစ်လို့ အလယ်ခုံမှာပဲထိုင်ရပါတယ်၊ ကားစထွက်တယ်ဆိုရင်ပဲ သူငယ်ချင်းဦးဇင်းအတွက် အသက်နဲ့အတော်နီးစပ်တဲ့ ပြောင်းလဲမှု တစ်ခုဖြစ်လာပါတယ်၊ ရှေ့ဆုံးညာဖက်ခြမ်းမှာ ခုံနှစ်ခုံလွတ်နေပါတယ်၊ ဒါက မျက်နှာကြီးလင်မယားနှစ်ယောက် လက်မှတ်ဖြတ်ထားပြီး အချိန်မီရောက်မလာကြတော့လို့၊ လွတ်သွားတဲ့ခုံနှစ်ခုံပါ၊ ဒီတော့ဘုန်းကြီးဖြစ်တဲ့ သူငယ်ချင်းကို သင်္ကန်းဝတ်နဲ့ အလယ်ခုံမှာထိုင်နေရတာ မသင့်တော်ပါဘူးလေဆိုတဲ့ အတွေးကောင်းလေးနဲ့ ကားဆရာတွေက မှန်တံခါးနဲ့ ကပ်လျှက်ခုံကိုပြောင်းထိုင်စေပါတယ်၊ သူငယ်ချင်းဖြစ်သူဦးဇင်းက ကားစထွက်ကတည်းက ပဋ္ဌာန်းရွတ်လာတာလို့ဆိုပါတယ်။

တိုတိုပြောရရင်တော့ အောင်လံမြို့ဝင်ခါနီး မနက်(၃)နာရီခွဲမှာ ကားက သူငယ်ချင်းဦးဇင်းထိုင်ရာ ညာဖက်ခြမ်းကို တိမ်းမှောက်သွားပါတယ်၊ ညာလက်က ကားခုံကြားထဲညှပ်နေလို့ ခရီးဖော်တွေဝိုင်းနှုတ်ပေးပေမယ့် လက်ကနှုတ်လို့မရပါဘူး၊ နောက်နာရီဝက်လောက်ကြာတော့ ဒုတိယကားတစ်စင်း ရောက်လာမှပဲ အဲဒီကားက သံချောင်းနဲ့ကလော်ထုတ်ပေးမှ လက်မှအပြင်ရောက်လာပါတော့တယ်။

တံတောင်ဆစ်အောက် အသားတချို့ကားကြားထဲညှပ်ကျန်ခဲ့လို့ လိုအပ်တဲ့အသားနေရာကို ပေါင်ကအသား

တွေလိုးပြီး ပိုးထားရပါတယ်၊ ပြီးတော့ လက်ကအကြော တချို့ပြတ်သွားလို့ ပြန်ဆက်ထားရတာကြောင့် အကွေး အဆန့်လုပ်လို့မရပြန်ဘူး၊ ကုန်ကျစရိတ် မေးကြည့်တော့ နှစ်သိန်းကပ်သွားပြီလို့ဆိုပါတယ်၊ ကုန်ကျစရိတ်အားလုံးကို ရဟန်းဒကာမနှစ်ယောက်က တာဝန်ယူတယ်လို့ ပြောပါ တယ်။

စာရေးသူစဉ်းစားကြည့်မိပါတယ်၊ တကယ်လို့သာ သူငယ်ချင်း ဦးဇင်းဟာ ဧပြီ (၉)ရက် မပြန်ဘဲ (၁၀)ရက်နေ့ မှ ပြန်ခဲ့ရင်၊ ဒါမှမဟုတ် မူလလက်မှတ်ဖြတ်ထားတဲ့ ကားနဲ့ ပဲ ပြန်ဖြစ်ခဲ့ရင်၊ ဒါမှမဟုတ် မူလဖြတ်ထားတဲ့ အလယ်ခုံမှာ ပဲ ထိုင်ဖြစ်ခဲ့ရင် ကံကြမ္မာပြောင်းလဲမှုတစ်ခုများ ဖြစ်သွား မလားလို့ပါ၊ သူငယ်ချင်း ဦးဇင်းရဲ့ ဖြစ်စဉ်ကို စဉ်းစားမိရင်း တဆက်တည်း ခေါင်းထဲပေါ်လာတာက– "ကမ္မနိယာမ" အကြောင်းပါ၊ ဒီ"ကမ္မနိယာမ"အကြောင်းကို အဋ္ဌသာလိနီ အဋ္ဌကထာမှာ အကျယ်တဝင့် ဖွင့်ပြထားပါတယ်၊ အဋ္ဌသာလိနီ အဋ္ဌကထာဆိုတာ အဘိဓမ္မာကျမ်းတစ်ကျမ်း ပါ၊ ပြောချင်တာက "ကမ္မနိယာမ"ဆိုတာ အဘိဓမ္မာသဘော တရားတစ်ခုဆိုတာပါပဲ။

တကယ်တော့ နိယာမက– ၁။ ဗီဇနိယာမ ၂။ ဥတုနိယာမ ၃။ ကမ္မနိယာမ ၄။ ဓမ္မနိယာမ ၅။ စိတ္တနိယာမ ဆိုပြီး နိယာမ ငါးပါးရှိပါတယ်၊ ဒီနေရာမှာ တစ်ခုစိတ်ဝင်စားဖို့ကောင်းတာက အဋ္ဌကထာဆရာကိုယ်

တိုင်ကပဲ ကမ္မနိယာမကို စိတ်ဝင်တစားရှိလို့လား၊ ဒါမှ မဟုတ် နောင်းလူတွေကိုပဲ စိတ်ဝင်တစားရှိစေလိုလို့လား မသိပါဘူး၊ တခြားနိယာမလေးပါးကို သာမန်ခပ်ကျဉ်းကျဉ်း ပဲ ဖွင့်ပြပါတယ်၊ "ကမ္မနိယာမ"ကိုတော့ ဝတ္ထုသာခကေ သုံးပုဒ်နဲ့ အကျယ်တဝင့် ဖွင့်ပြထားပါတယ်၊ ဒါ တစ်ချက် စဉ်းစားစရာပါ၊ ကမ္မနိယာမဆိုတာ မိမိရှေးကပြုခဲ့တဲ့ ကံရဲ့ တန်ခိုးသတ္တိကြောင့်ဖြစ်ရတာကို ပြောတာပါ၊ တစ်နည်း ပြောရရင် ရှောင်လွှဲလို့မရကောင်းတဲ့ နိယာမသဘောတရား တစ်ခုပါ။

အခုကမ္မနိယာမနဲ့ပတ်သက်လို့ ဖွင့်ပြထားတဲ့ သာခကေဝတ္ထုသုံးပုဒ်ကို ခပ်ကျဉ်းကျဉ်းပြောပြချင်ပါတယ်၊ မြတ်စွာဘုရားရှင်လက်ထက်က သာဝတ္ထိမြို့ရဲ့ တံခါးအနီး မှာ ရွာတစ်ရွာရှိပါတယ်၊ တစ်နေ့တော့ အဲဒီရွာကို မီးလောင် ပါတယ်၊ မီးလောင်နေတဲ့ မြက်ကရွတ်ခွေတစ်ခွေဟာ လွင့် တက်လာပြီး တိုက်တိုက်ဆိုင်ဆိုင်ပဲ ကောင်းကင်မှာပျံနေတဲ့ ကျီးတစ်ကောင်ရဲ့ လည်ပင်းကိုသွားစွပ်တယ်၊ ကျီးကမြေမှာ ကျပြီး သေသွားရှာပါတယ်၊

နောက်ဝတ္ထုတစ်ပုဒ်က သမုဒ္ဒရာထဲမှာ လှေကြီး တစ်စင်းဟာ လှေအောက်မှာ တစ်ခုခုခံနေလို့ ရှေ့ဆက်မသွား နိုင်ဘဲ ဖြစ်နေပါတယ်၊ တကယ့်အဖြစ်မှန်ကို မသိကြဘူး၊ ဘာလုပ်ကြသလဲဆိုတော့– "ငါတို့လှေမှာ သူယုတ်မာပါပြီ" ဆိုပြီး မဲချကြတယ်၊ မဲချတော့ လှေသူကြီးရဲ့မယား

လက်ထဲကို သုံးကြိမ်သုံးခါကျပါတယ်၊ အဲဒီတော့ လေ့သူကြီးက "လူတစ်ယောက်အတွက်နဲ့တော့ အားလုံးမပျက်စီးသင့်ဘူး၊ ဒါပေမယ့်ဒီအတိုင်းရေထဲပစ်ချရင် ပေါလောပေါ်နေမှာ သူမကြည့်ရက်ဘူးပေါ့၊ ဒါ့ကြောင့်ရေထဲတစ်ခါတည်း မြုပ်သွားအောင် သဲအိုးကို လည်ပင်းမှာချည်ပြီးပစ်ချပါ"လို့ပြောတယ်၊ ပြောတဲ့အတိုင်း ပစ်ချလိုက်တော့ လေ့ကမြှားတစ်စင်း ပစ်လွှတ်လိုက်သလို တဟုန်ထိုးပြေးထွက်သွားတော့တာပဲတဲ့။

နောက်ဝတ္ထုတစ်ပုဒ်က ရဟန်းတစ်ပါးက တောင်ခြေရင်းမှာရှိတဲ့ လှိုဏ်ဂူတစ်ခုထဲမှာ သီတင်းသုံးနေပါတယ်၊ အဲဒီအချိန်မှာ အပေါ်မှာရှိတဲ့ တောင်ထွဋ်ကြီးတစ်ခုဟာ ပြိုကျပြီး လှိုဏ်ပေါက်ဝကို ပိတ်သွားတယ်၊ နောက်ခုနစ်ရက်ကြာမှ အလိုလိုပွင့်သွားပါတယ်၊

ဒီဝတ္ထုသုံးပုဒ်ဖြစ်နေချိန်မှာ မြတ်စွာဘုရားက ဇေတဝန်ကျောင်းတော်မှာ တရားဟောနေပါတယ်၊ ဒီတော့ ဒီအကြောင်းတွေကို မြတ်စွာဘုရားကို လျှောက်တယ်၊ မြတ်စွာဘုရားက "ဒီအမှုတွေဟာ တစ်စုံတစ်ယောက်သောသူက ဖန်တီးတာမဟုတ်၊ မိမိပြုခဲ့တဲ့ ကံကဖန်တာပဲ"လို့ မိန့်တော်မူပြီး ဒီလိုဖြစ်ရခြင်းရဲ့ အတိတ်ကံကို ပြန်ဟောပြပါတယ်။

ကျီးဟာရှေ့ဘဝက လူဖြစ်တဲ့အခါ နွားကြမ်းတစ်ကောင်ကို မဆုံးမနိုင်ဘဲ ဖြစ်နေပါတယ်၊ ဒါနဲ့ နွားလည်ပင်း

မှာ ကောက်ရိုးစည်းကို ကရွတ်ခွေစွပ်လိုလုပ်ပြီး မီးရှို့လိုက်တယ်၊ အဲဒီမီးကြောင့်ပဲ နွားကသေသွားတယ်၊ အဲဒီလူသေတဲ့အခါ နောက်ဘဝမှာ ကျီးဖြစ်ပြီး ပြုခဲ့တဲ့ကံကြောင့် ကောင်းကင်မှာ ပျံနေပေမယ့် လည်ပင်းမှာ မီးကွင်းစွပ်ပြီး သေရခြင်း ဖြစ်ပါသတဲ့။

ရေထဲပစ်ချခံရတဲ့ မိန်းမကတော့ ရှေ့ဘဝက ခွေးတစ်ကောင်နဲ့ အတော်ခင်ပါတယ်၊ တောသွားရင်လဲ အဲဒီခွေးနဲ့သွားလေ့ရှိပါတယ်၊ ပြန်တဲ့အခါလဲ အတူပြန်လေ့ရှိပါတယ်၊ အဲဒီတော့ လူတွေက ဒီမိန်းမကို "ငါတို့ရဲ့ခွေးမုဆိုးတော့ တောသွားပြီဟေ့"ဆိုပြီး အမြဲစကြနောက်ကြပါတယ်၊ ဒီလိုစကြ နောက်ကြတော့ အဲဒီမိန်းမဟာ ရှက်တာနဲ့ မိမိသွားတဲ့အခါ ခွေးကိုမလိုက်နိုင်အောင် မောင်းပါသေးတယ်၊ ဒါပေမယ့် ခွေးကလူကိုခင်နေတော့ တားမြစ်လို့မရဘူး၊ ဒါနဲ့ပဲ ခွေးလည်ပင်းမှာ သဲအပြည့်ထည့်ထားတဲ့ အိုးကို ချည်ပြီးရေထဲ ပစ်ချလိုက်ပါတယ်၊ အဲဒီကံဟာ နောက်ဘဝမှာ သမုဒ္ဒရာထဲသွားနေပေမယ့် မလွတ်ပါဘူး၊ ရေထဲပစ်ချခြင်းခံရတာပါတဲ့။

လှိုဏ်ပိတ်ခံရတဲ့ရဟန်းကတော့ ရှေ့ဘဝက နွားကျောင်းသားဖြစ်ခဲ့ပါတယ်၊ တစ်နေ့မှာ နွားကျောင်းရင်း ဖွတ်တစ်ကောင် တွင်းထဲဝင်သွားတာမြင်လိုက်ပါတယ်၊ ဒါနဲ့ သစ်ခက်တွေချိုးပြီး တွင်းဝကို ပိတ်ထားပါတယ်၊ ခုနစ်ရက်ပြည့်တဲ့နေ့မှာ သတိရလို့ပိတ်ထားတဲ့ တွင်းကိုဖွင့်တယ်၊

အဲဒီတော့ ဖွတ်က အစာငတ်ပြီးတုန်တုန်ရီရီနဲ့ တွင်းထဲက ထွက်လာပါတယ်၊ နွားကျောင်းသားလဲ ဖွတ်ကိုသနားပြီး မသတ်ဘဲ လွှတ်လိုက်ပါတယ်၊ အဲဒီကံကြောင့် ရဟန်းဖြစ်တဲ့ဘဝမှာ လိုဏ်ထဲဝင်နေပေမယ့် မလွတ်ဘူး၊ ခုနစ်ရက်တိုင်တိုင် လိုဏ်ပိတ်ခံရခြင်း ဖြစ်ပါတယ်တဲ့။

ဒီဝတ္ထုသုံးပုဒ်နဲ့ သူငယ်ချင်းဦးဇင်းရဲ့ ဖြစ်စဉ်ကို ချိန်ပြီးကြည့်ရင် 'ကမ္မနိယာမ'လို့ ပြောမယ်ဆိုရင် ပြောလို့ရတဲ့အနေအထားပါ၊ သူငယ်ချင်းဦးဇင်းကိုယ်တိုင်ကလဲ သူ့ရဲ့ဖြစ်စဉ်ကို 'ကမ္မနိယာမ'လိုပဲ နှလုံးသွင်းထားပါတယ်တဲ့၊ ဘယ်သူ့ဘယ်သူ့ကိုမှ အပြစ်မတင်မိပါဘူးတဲ့ ဒါဟာကိုယ့်ဝေဒနာအပေါ်သက်သာစေတဲ့ တွေးခေါ်မှုကို ဆိုရပါ့မယ်၊

ဒီလိုပါပဲ တစ်ခါတလေ လောကမှာ မျှော်လင့်မထားတဲ့ အနိဋ္ဌအကျိုးအပြစ်တွေ တွေ့ကြုံခံစားရတတ်ပါတယ်၊ အဲဒီလိုတွေ့ကြုံလာတဲ့အခါမျိုးမှာ အော်.... 'ကမ္မနိယာမတွေပါလား"လို့ နှလုံးသွင်းနိုင်ခဲ့ရင် ဖြစ်ပေါ်လာတဲ့ ဝေဒနာအပေါ်မှာ ဖြေဆည်ရာတစ်ခုတော့ ရကြမယ်ထင်ပါတယ်။

ပေါ်ပြူလာဂျာနယ်

၁၄-၉-၉၉

## ၁၂။ မျက်မှောက်ခေတ် လူငယ်များ အတုခိုးသင့်သော အဇာတသတ်၏ လူကြီးနှင့် ဆက်ဆံနည်း

အဇာတသတ်ကို အဖသတ်သော မင်းမိုက်အဖြစ် အများစု လက်ခံထားကြသည်။ သို့သော် အဖသတ်ပြီး နောက် အဇာတသတ်၏ လုပ်ဆောင်ချက်များနှင့် နေထိုင် ကျင့်သုံးပုံတို့သည် မျက်မှောက်ခေတ် ပြည်သူလူထုတို့အ တွက် အတုခိုးစရာ များစွာရှိနေပါသည်။ ထိုအတုခိုးစရာ များထဲမှ တစ်ခုချင်းကို အခါအခွင့်သင့်သလို ရေးသားတင်ပြ သွားမည်ဟု အားခဲထားပါသည်။

ယခု ထိုအတုခိုးစရာ များစွာထဲမှ တစ်ခုဖြစ်သော အဇာတသတ်၏ စိတ်ဝင်စားဖွယ်ရာ နေထိုင်မှုတစ်ခုကို တင်ပြလိုပါသည်။

ဆီးနှင်း၊ မြူ၊ တိမ်၊ သူရိန်၊ မီးခိုး၊ ငါးမျိုးသော အပြစ် ကင်းစင်သည့် တန်ဆောင်မုန်းလပြည့်ည။

လရောင်ကြောင့် ကုမုဒြာ ကြာပန်းများ လှိုင်လှိုင် ပွင့်နေသည့်ည၊

ငွေအိုးမှ နို့ရည်များ အရပ်မျက်နှာ အားလုံးကို သွန်ချ ထားသကဲ့သို့ ပတ်ဝန်းကျင် တစ်ခုလုံး သာယာနေသည့် ည၊

တစ်လမှာ တစ်ညသာပြည့်ခွင့် ရ၍ထင်သည်၊ လသည် အစွမ်းကုန် ဘာနေသည်။ ည၏ အလှသည် မြင်ရ သူတိုင်း၏ စိတ်နှလုံးကို သာယာကြည်နူးစရာအဖြစ် ဖန်တီး ပေးထားသည်။ သို့သော် ပတ်ဝန်းကျင် တစ်ခုလုံး မည်မျှပင် သာယာကြည်နူးစရာ ကောင်းနေသော်လည်း မသာယာ မကြည်နူးနိုင်သူက အဇာတသတ်မင်းဖြစ်သည်။

အဇာတသတ်မင်းသည် ဖခင်သတ်ပြီးနောက် မည်သို့မျှ အိပ်၍မပျော်တော့၊ လှံမများ မျက်စိကို လာ၍ ထိုးစိုက်နေသကဲ့သို့ ခံစားနေရသည်။ အဇာတသတ်မင်း သည် သာယာကြည်နူးစရာ ကောင်းသောညကို ပြာသာဒ် ပေါ်၌သာ အချိန်ကုန်နေရသည်။ သို့အတွက် မိမိ၏ခံစား နေရသော ဝေဒနာများကို ကုစားရန် အနီးရှိ အမတ်များကို အကူအညီတောင်းလေ၏။ အမတ်ခြောက်ယောက်တို့သည် မိမိတို့၏ ပုရာဏ ကဿပအစရှိသော တိတ္ထိဆရာကြီးတို့ ၏ ဂုဏ်များကို ဖော်ကျူး၍ ၎င်းဆရာကြီးတို့ထံတွင် ဆည်း ကပ်ရန် အကြံပြုကြသည်၊ သို့သော် အဇာတသတ်မင်းသည်

လက်မခံချေ။ နောက်ဆုံး သူငယ်ချင်းဖြစ်သူ ဇီဝကသည် ဘုရားရှင်၏ အရဟံအစရှိသော ဂုဏ်တို့ကို ဖော်ကျူးလျက် ဘုရားရှင်ထံသို့ ဆည်းကပ်ရန် အကြံပြုလေသည်။

အဇာတသတ်မင်းသည် ဇီဝက၏ စကားသံကို ကြားလျှင်ကြားခြင်းပင် မြတ်စွာဘုရားထံ သွားရန်စီစဉ် ခိုင်းလေတော့သည်။ ဇီဝကသည် ဆင်မငါးရာတို့ကို တန်ဆာဆင်လျက် မိန်းမတို့ကိုမှီ၍ မင်းကြီး၌ ဘေးရန် မရှိနိုင်ဟု နှလုံးပြုကာ မိန်းမငါးရာတို့ကို ယောကျ်ားအသွင် လဲစေ၍ မြတ်စွာဘုရားထံသို့ သွားလေ၏။

အဇာတသတ်သည် မြတ်စွာဘုရားကိုတွေ့လျှင် မြတ်စွာဘုရားနှင့်

၁။ အလွန်ဝေးသော အရပ်၌လည်း မနေ၊

၂။ အလွန်နီးသော အရပ်၌လည်း မနေ၊

၃။ လေညာဖြစ်သော အရပ်၌လည်း မနေ၊

၄။ မြင့်မောက်သော အရပ်၌လည်း မနေ၊

၅။ ရှေ့တည့်တည့် အရပ်၌လည်း မနေ၊

၆။ နောက်အရပ်၌လည်း မနေ။

ထိုအရပ် ခြောက်ခုမှလွတ်သော တစ်ခုသော အစွန် အဖျား အရပ်၌ထိုင်၍ မြတ်စွာဘုရားကို ရှိခိုး၏။

အဇာတသတ်မင်းသည် ဖော်ပြပါ အရပ်ခြောက်ခုမှ လွတ်သော နေရာကို အဘယ့်ကြောင့် နေသနည်း။

၁။ အလွန်ဝေးသောအရပ်၌ နေလျှင် တစ်ဦးနှင့်

တစ်ဦးစကားပြောဆိုသည့်အခါ ကျယ်လောင်စွာ ပြောဆို နေရပေမည်။

၂။ အလွန်နီးသော အရပ်၌နေလျှင် တစ်ဦးနှင့်တစ်ဦး ထိခိုက်ခြင်းကို ဖြစ်စေနိုင်သည်။

၃။ လေညာအရပ်ကနေလျှင် ချွေးနံ့ကိုယ် နံ့တို့သည် မြတ်စွာဘုရားထံသို့ ရောက်၍ မိမိအား အပြစ်ကိုဖြစ်စေ နိုင်သည်။

၄။ မြင့်မောက်သော အရပ်၌နေလျှင် အဂါရဝ မရှိသေ ခြင်းကို ဖြစ်စေ၏။

၅။ ရှေ့တည့်တည့်၌နေလျှင် လေးစားအပ်သောမြတ်စွာ ဘုရားရှင်၏ မျက်လုံးတော်နှင့် မိမိမျက်လုံးတို့ ပေါင်းစုံ ထိခိုက်၍ ကြည့်ရှုမှုဖြစ်လျှင် မရိုသေရာ ရောက်နိုင်၏။

၆။ နောက်အရပ်၌နေလျှင် ကြည့်ရှုပြောဆိုလိုသည့် အခါ လည်ကိုနောက်သို့ဆန့်၍ ပြောဆိုနေရပေမည်။

သို့အတွက်ကြောင့် အဇာတသတ်မင်းသည် ထိုအပြစ် ခြောက်ခုမှ လွတ်အောင် နေထိုင်ခြင်းဖြစ်သည်။

မိဘဆရာ လူကြီးများနှင့် ဆက်ဆံသည့်အခါ မျက် မှောက်ခေတ် လူငယ်များ အဇာတသတ်၏ နေထိုင်နည်းကို အတုခိုးသောအားဖြင့် အလိုရှိသောမိမိကိစ္စများ ပြီးစီးအောင် မြင်ရုံမျှမက တန်ဖိုးရှိသော မြန်မာလူငယ်များ ဖြစ်လာနိုင် ပါသတည်း။

သစ္စာ – ၉၃ ခုနှစ်

## ၁၃။ မျက်မှောက်ခေတ် အမျိုးသမီးများ အတုယူသင့်သော ဝိသာခါ

ဝိသာခါဟုဆိုက အများစု သိရှိ ကြားဖူးပြီးဖြစ်သည်။ သို့သော် ဝိသာခါ၏ စရိုက်အသွင်အပြင် စိတ်နေစိတ်ထား အပြောအဆို အတွေးအခေါ် အယူအဆ အစစအရာရာအားလုံးသည် မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများအတွက် မရိုးနိုင်သော အတုခိုးသင့်ရာများအဖြစ်မီးမောင်း ထိုးပြလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုသည် ဘာသာရေးကို အခြေခံ၍ တည်ဆောက်ထားသည်က များသည်။ ဘာသာရေး ပျက်စီးလျှင် ယဉ်ကျေးမှု ပျက်စီးနိုင်သည်။ ယဉ်ကျေးမှု ပျက်စီးသွားလျှင်တော့ လူမျိုးပါ ပျက်စီး

သွားနိုင်သည့် အခြေအနေထိ ရှိသည်။

ပြုပြင်ပြောင်းလဲလျက်ရှိသော အခြေအနေအရ ခေတ်ရေစီးကြောင်းအတိုင်း ကျင့်သုံး နေထိုင်သွားရမည် ဖြစ်သော်လည်း ယဉ်ကျေးမှုနှင့် ဆက်စပ်လျက်ရှိသော မိမိနိုင်ငံ၏ ဘာသာရေး သဘောတရားများကိုတော့ မေ့မထားသင့်ပါ။ သို့အတွက် ကြားဖူးပြီး ဖြစ်သော်လည်း နာဖူးထပ်မံအဖြစ် ဤဆောင်းပါးကို ရေးသား တင်ပြရခြင်း ဖြစ်ပါသည်။

ဝိသာခါ အပျိုစဉ်ဘဝ တစ်ဆယ့်ခြောက်နှစ်အရွယ်တွင် ဖြစ်သည်။ လှပ အဖိုးတန်သော အဝတ်တန်ဆာများကို ဝတ်ဆင်လျက် ငါးရာသော အဖော်မိန်းမတို့နှင့် ရေချိုးရန်မြစ်ဆိပ်သို့ ထွက်လာခဲ့သည်။ ထိုစဉ် မြစ်ဆိပ် မရောက်မီ မထင်မှတ်သော မိုးသည်သဲကနဲ ရွာချလိုက်သည်။ မိုးသည် သည်းထန်လွန်းသည် ဖြစ်၍ အဖော်မိန်းမငါးရာတို့မှာ ဝတ်လာသော အဝတ်တန်ဆာတို့ကို မိုးစိုကုန်မည် ဖြစ်သောကြောင့် နီးရာ ဇရပ်သို့ အပြေးအလွှား ခိုဝင်ကြသည်။ ဝိသာခါကား ထိုသို့မဟုတ်၊ အဖော်များ ပြေးသော်လည်း သူကား လုံးဝ မပြေး၊ လျှောက်လှမ်းနေသော ခြေလှမ်းအတိုင်းသာ ဖြေးညင်းစွာ ဇရပ်သို့ လျှောက်သွားသည်။ ဝိသာခါ ဇရပ်အရောက်တွင် တစ်ကိုယ်လုံး မိုးရေများဖြင့် စိုကုန်သည်။ အဖော်များကတော့ မိုးစိုခြင်းမှ လွတ်ကင်းသွားတော့သည်။

လောကတွင် ပြေးသွား၍ မတင့်တယ်သူ လေးဦး

၁။ အဘိသိက် သွန်းပြီးသော ရှင်ဘုရင်။

ရှင်ဘုရင်သည် ခါးတောင်းမြှောင်အောင် ကျိုက်ကာ ပြေး၍သွားပါက လုံးဝ မတင့်တယ်ပါ။ ပြည်သူလူထုတို့ ကဲ့ရဲ့ကြမည်သာ ဖြစ်သည်။

၂။ ရှင်ဘုရင် စီးတော်မူသော မင်္ဂလာ ဆင်တော်

မင်္ဂလာ ဆင်တော်သည် လှပသော အဝတ်တန်ဆာများ ဆင်ယင်လျက် လျင်မြန်စွာ ပြေးသွားပါက လုံးဝ မတင့်တယ်ပါ။

၃။ ရဟန်းတော်။

စက္ခုန္ဒြေချ၍ တည်ငြိမ်စွာ သွားရမည့်ရဟန်းတော်သည် ပြေး၍ သွားပါက လုံးဝမတင့်တယ်ပါ။

၄။ မိန်းမ။

ခြေတစ်လှမ်း ကုဋေတစ်သန်း ဆိုသည့်အတိုင်း ငြိမ်သက်စွာ ဣန္ဒြေနှင့်သွားရမည့် မိန်းမသည် ပြေး၍သွားပါက လုံးဝမတင့်တယ်ပါ။

ဝိသာခါသည် ဖော်ပြပါ လေးဦးကို ကောင်းစွာ သိရှိထား၍ သိသည်ကို သိသည့်အတိုင်း မထားဘဲ လက်တွေ့ အသုံးချလိုက်ခြင်း ဖြစ်သည်။ မျက်မှောက်ခေတ် မြန်မာ အမျိုးသမီးများအတွက် ကောင်းစွာအတုခိုးသင့်သော အပြုအမူတစ်ခု ဖြစ်ပါသည်။

ဝိသာခါ ခင်ပွန်းအိမ်သို့ မလိုက်ခင် ညတွင် ဖခင်

ကြီးက ဩဝါဒ (၁၀)ချက်ပေး၍ လိုက်နာစေခဲ့သည်။

၁။ အတွင်းမီးကိုအပြင်သို့ မထုတ်ဆောင်အပ်။

ယောက္ခမ ခင်ပွန်းတို့၏ ဂုဏ်သိက္ခာထိခိုက်ရာ ထိခိုက်ကြောင်း၊ ညှိုးနွမ်းရာ ညှိုးနွမ်းကြောင်း အပြောအဆို အပြုအမူ အနေအထိုင်တို့ကို မြင်၍ ထိုအခြင်းအရာတို့ကို တစ်ဖက် အိမ်များသို့ မပြောအပ်ဟု ဆိုလိုရင်းဖြစ်သည်။

၂။ အပြင်ဘက်ဖြစ်သော မီးကိုအတွင်းဘက်သို့ မသွင်းအပ်။

တစ်ဖက်အိမ်နီးချင်းတို့သည် ယောက္ခမ ခင်ပွန်းတို့၏ဂုဏ်ကျေးဇူးမဲ့စကား ကဲ့ရဲ့စကား အတင်းစကားတို့ကို ပြောဆိုကုန်သည်ရှိသော် ထိုအတင်းစကားတို့ကို ယောက္ခမ ခင်ပွန်းတို့အား ပြန်၍ မပြောအပ်ဟု ဆိုလိုရင်းဖြစ်သည်။

၃။ ပေးကမ်းသောသူအားသာလျှင် ပေးကမ်းအပ်၏။

မိမိ၏ပစ္စည်းဥစ္စာတို့ကို အလိုရှိ၍ တောင်းဆိုချေးငှားလာသည့်အခါ ပြန်၍ပေးသော (ဝါ)ပြန်၍ ပေးဆပ်နိုင်သော သူအားသာ ပေးကမ်းအပ်၏ဟု ဆိုလိုရင်းဖြစ်သည်။

၄။ မပေးမကမ်းသောသူအား မပေးမကမ်းအပ်။

မိမိ ဥစ္စာတို့ကို ချေးငှား၍ အလိုရှိသည့်အခါ တောင်းဆိုသည်ရှိသော် ပြန်၍ မပေးကုန်သော သူတို့အား မပေးကမ်းအပ်ဟု ဆိုလိုရင်း ဖြစ်သည်။

၅။ ပေးကမ်းသောသူအား လည်းကောင်း၊ မပေး

ကမ်းသောသူအားလည်းကောင်း၊ပေးကမ်းအပ်၏

ဆင်းရဲချို့တဲ့လှသော ဆွေမျိုးမိတ်ဆွေတို့ရောက်လာကုန်သည်ရှိသော် ပြန်၍ ပေးနိုင်သူဖြစ်စေ၊ ပြန်၍မပေးနိုင်သူဖြစ်စေ အထိုက်အလျောက် ချီးမြှောက်ပေးကမ်းရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

၆။ ချမ်းသာစွာ နေထိုင်အပ်၏။

ထိုင်၍နေစဉ် ယောက္ခမခင်ပွန်းတို့ လာသည်ကိုမြင်လျှင် ဆက်လက်ထိုင်၍ နေခြင်းငှာမအပ်ဟု ဆိုလိုရင်းဖြစ်သည်။

၇။ ချမ်းသာစွာ စားသောက်အပ်၏။

ယောက္ခမ ခင်ပွန်းတို့၏ ရှေးဦးစွာမစားသောက်ရ။ ယောက္ခမ ခင်ပွန်းတို့ကိုပြုစုလုပ်ကျွေးပြီးမှသာလျှင် မိမိကနောက်မှ စားသောက်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

၈။ ချမ်းသာစွာအိပ်အပ်၏။

ယောက္ခမ ခင်ပွန်းတို့၏ ရှေးဦးစွာ အိပ်ရာသို့တက်၍ မအိပ်ရ။ ယောက္ခမ ခင်ပွန်းတို့အား ပြုသင့်ပြုထိုက်သောဝတ်ကြီးဝတ်ငယ်တို့ကို ပြုလုပ်ပြီးမှသာ နောက်မှအိပ်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

၉။ မီးကိုရိုသေစွာလုပ်ကျွေးအပ်၏။

ခင်ပွန်း၏ မိခင်ဖခင်တို့ကို မီးပုံကြီးကဲ့သို့လည်းကောင်း၊ အဆိပ်ပြင်းထန်သော နဂါးမင်းကဲ့သို့လည်းကောင်းအောက်မေ့မှတ်ထင်ကာ ရိုသေကြောက်ရွံ့သည်ကို ပြု၍

နေရမည်ဟု ဆိုလိုရင်းဖြစ်သည်။

၁၀။ အိမ်တွင်းနတ်ကို ရိုသေမြတ်နိုးစွာ ရှိခိုးအပ်၏

ခင်ပွန်း၏မိခင် ဘခင်တို့ကိုလည်းကောင်း၊ ခင်ပွန်းကိုလည်းကောင်း နတ်ကဲ့သို့ ရိုသေမြတ်နိုးစွာ ကြည့်ရှုနေထိုင်ရမည်ဟု ဆိုလိုရင်းဖြစ်သည်။

ဝိသာခါသည် ဖခင်ကြီး မှာလိုက်သော ဖော်ပြပါဩဝါဒ (၁၀)ချက်နှင့်အညီ နေထိုင်ကျင့်သုံးမှုတို့ကြောင့် ယောက္ခမ၏ ချစ်ခင်လေးစားမှု၊ ခင်ပွန်း၏ ချစ်ခင်ကြင်နာမှု၊ ပတ်ဝန်းကျင်၏ ချီးမွမ်းပြောဆိုမှုကို ခံရလေသည်။

ဝိသာခါသည် ထိုမျှမက ဗုဒ္ဓသာသာသာမှတစ်ပါးသောအယူကို ယူထားသော ခင်ပွန်း၏ဖခင်မိဂါရသူဌေးကြီးကို ဗုဒ္ဓဘာသာသို့ သွတ်သွင်းကာ သောတာပန်အဖြစ်သို့ရောက်အောင် စွမ်းဆောင်ပေးခဲ့သူလည်း ဖြစ်သည်။ သို့အတွက် မိဂါရသူဌေးကြီးက..."သင်သည် ယနေ့မှစ၍ငါ၏ မိခင်ပေတည်း"ဟု ဆိုကာ မိခင်အရာ၌ ထားခြင်းကိုလည်း ခံရပါသည်။

မျက်မှောက်ခေတ် မြန်မာအမျိုးသမီးများ ဝိသာခါကို အတုခိုး၍ နေထိုင်သွားပါက တန်ဖိုးရှိသော မိန်းမကောင်း၊ မိန်းမမြတ်များ ဖြစ်လာနိုင်ပါသည်။

သစ္စာ– ၉၂–စက်တင်ဘာ

## ၁၄။ ကရဝိတ်ငှက်သံကြား၍ သောတာပန်ဖြစ်သူ

"ကရဝိက်ငှက်မင်း၏ အသံကဲ့သို့ သာယာသော အသံရှိတော်မူပေသော မြတ်စွာဘုရား"... ဤသို့ မြတ်စွာဘုရားရှင်၏ အသံတော် သာယာတော်မူပုံကို ကရဝိက်ငှက်သံနှင့် တင်စားကြပါသည်။ ကရဝိက်ငှက် အသံသည်လည်း မြတ်စွာဘုရားရှင်၏ အသံတော်နှင့် တင်စားနိုင်လောက်အောင် ထူးခြားအံ့ဩဖွယ်ကောင်းသော အရည်အချင်းများ ရှိနေပါသည်။

ကရဝိက်ငှက်သည် အရသာရှိသော သရက်သီးမှည့်ကို နှုတ်သီးဖြင့်ပေါက်ကာ ယိုကျလာသော အရည်တို့ကို အားပါးတရ သောက်၍ သောက်လိုက်သော သရက်ရည်များသည် လွန်စွာအရသာရှိသည်ဖြစ်၍ မြူးတူးပျော်ရွှင်လျက် တောင်ပံတို့ကို ပုတ်ခတ်ကာ အသံကို ကျူးရင့်လေ၏။ ထိုသို့ကျူးရင့်စဉ် မြက်ကိုစားနေသော သမင်ဒရယ်

တို့သည် ခံတွင်းသို့ ရောက်နေသောမြက်များကို ထွေးပစ်လျက် ကရဝိက်ငှက်သံကို နားထောင်ကြလေ၏။

သားကောင်ငယ်တို့ကို စားသောက်ရန်လိုက်နေသော ခြသေ့်၊ သစ်ကျားတို့သည် ကရဝိက်ငှက်သံကို ကြားရ၍ ရောက်ရာအရပ်၌ ရပ်တန့်လျက် ရှေ့သို့လိုက်ရန် လှမ်းလိုက်သော ခြေလှမ်းကိုပင် မြေသို့မချနိုင်တော့ဘဲ ကြားရသော အသံကိုသာ ဂရုတစိုက်နားထောင်လေတော့သည်။ ခြသေ့်၊ သစ်ကျားတို့ အလိုက်ခံနေရသော သားကောင်ငယ်တို့မှာလည်း မိမိရဲ့သေဘေးကို မေ့လျော့ကာ ရောက်ရာအရပ်၌သာ ရပ်တန့်ပြီး အသံလာရာသို့သာ အာရုံစိုက်လေသည်။ ထို့အတူကောင်းကင်တွင် ပျံသန်းနေသောငှက်တို့မှာလည်း မိမိတို့ရဲ့အတောင်တို့ကို ဆန့်တန်းကာ အသံလာရာသို့သာ အာရုံစိုက်ကြလေသည်။

ရေ၌ရှိသော ငါးတို့မှာလည်း နားရွက်ကိုခါ၍ (ရေလူးနေသည့်အတွက် ခါ၍) အသံလာရာသို့သာ အာရုံစိုက်လေသည်။ ဤအခြေကိုကြည့်၍ ကရဝိက်ငှက်၏ အသံသာယာပုံကို ခန့်မှန်း၍ သိနိုင်လောက်ပါသည်။

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သီရိဓမ္မာသောကမင်းကြီး ဘုန်းမီးတောက်နေချိန်၊ ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်ထောက်ပံ့နေချိန်၊ ကုသိုလ်ကောင်းမှုများကို အားသွန်ခွန်စိုက်ပြုလုပ်နေချိန်က ဖြစ်သည်။

တစ်နေ့မင်းကြီး၏ ပရမိဖြည့်ဘက် အသန္ဓိမိတ္တာ

မိဖုရားကြီးသည် ရဟန်းသံဃာတော်များကို ဖူးတွေ့ကြည်ညို နေခိုက်.....

"အရှင်ဘုရားတို့၊ ဘုရားတပည့်တော်မ မသိ၍ မေးလျှောက်ပါရစေ၊ မြတ်စွာဘုရားရှင်၏ အသံတော်နှင့်တူသော တစ်စုံတစ်ယောက်သော အသံသည် ရှိပါသလား ဘုရား"ဟု လျှောက်လေ၏။

ရဟန်းသံဃာတော်တို့လည်း နားလည်ကြားဖူးထားသည့်အတိုင်း မိဖုရားကြီး၏ အမေးကို မဆိုင်းမတွဘဲ မြတ်စွာဘုရားရှင်၏ အသံတော်နှင့်တူသော တစ်စုံတစ်ယောက်သော အသံသည်ရှိသည်ဖြစ်ကြောင်း။ ၎င်းမှာ ကရဝိက်ငှက်အသံဖြစ်ကြောင်း။ ဤကရဝိက်ငှက်သည် ဟိမဝန္တာ၌သာ နေလေ့ရှိကြောင်း အပြည့်အစုံ အမိန့်ရှိလိုက်၏။

မိဖုရားကြီးသည် ရဟန်းသံဃာတော်တို့အထံမှ ကြားသိရသော သတင်းစကားကို မင်းကြီးအားလျှောက်၍ မိမိသည် မြတ်စွာဘုရားရှင်၏ အသံတော်နှင့်တူသော ကရဝိက်ငှက်ကို ရှာပေးစေလိုကြောင်း လျှောက်၏။

မင်းကြီးသည် ဘာမဆို လုပ်တိုင်းဖြစ်နေသည့်အတွက် မင်းချင်းတို့ကို ခေါ်ကာရွှေချိုင့်ကို စီရင်စေပြီး "ဤရွှေချိုင့်သည် ကရဝိက်ငှက်ရှိရာသို့သွား၍ ထိုကရဝိက်ငှက်ကို ဆောင်ခဲ့စေသတည်း"ဟု မင်း၏အာဏာဖြင့် စေလွှတ်လိုက်၏။ ရွှေချိုင့်သည် ကရဝိက်ငှက်ရှိရာ ဟိမဝန္တာသို့ တန်းတန်းမတ်မတ်ပင်သွား၏။ ကရဝိက်ငှက်မှာလည်း

မင်း၏အာဏာဖြစ်နေသည့်အတွက် မလိုက်ဘဲနေခြင်းငှာ မစွမ်းနိုင်။ ရွှေချိုင့်အတွင်းသို့သာဝင်၍ လိုက်ခဲ့ရလေ၏။

မှတ်ချက်။ ။သိရိဓမ္မာသောကမင်းကြီးသည် အထက်တစ်ယူဇနာ၊ အောက်တစ်ယူဇနာ အာဏာနှံ့သောကြောင့် ရွှေချိုင့်ကို လွှတ်နိုင်ခြင်း ဖြစ်သည်။

ရွှေချိုင့်နန်းတော်သို့ ပြန်လာ၍ ကရဝိက်ငှက်ပါလာသည့်အတွက် ကရဝိက်ငှက်သံ ကြားရဖို့သာအာရုံစိုက်ကြ၏။ သို့သော် ကရဝိက်ငှက်မှာ လုံးဝအသံမပြုဘဲ ခပ်ဆိတ်ဆိတ်သာနေ၏။ မင်းကြီးသည် ကရဝိက်ငှက်အသံမပြုခြင်းအကြောင်းကို မင်းချင်းတို့အား မေး၏။

ကရဝိက်ငှက်တို့မည်သည် တစ်ကောင်တည်းမည်သည့်အခါကမျှ အသံပြုလေ့မရှိကြောင်း အဖော်ဆွေမျိုးတို့ကို တွေ့မြင်မှသာအသံပြုလေ့ရှိကြောင်း မင်းချင်းတို့သည် မင်းကြီးအား သံတော်ဦးတင်၏။ မင်းကြီးသည် မင်းချင်းတို့စကားကြားလျှင်ကရဝိက်ငှက်၏ လေးဘက်လေးတန်ပတ်ပတ်လည်ကို မှန်ချပ်ကြီးများ ကာရံစေ၏။ ထိုအခါ ကရဝိက်ငှက်သည် မှန်ထဲမှမိမိအရိပ်များကို အဖော်ဆွေမျိုးများဟု မှတ်ထင်ကာတောင်ပံကို ဘယ်ပြန်ညာပြန် ပုတ်ခတ်၍ ပတ္တမြားပုလွေကို မှုတ်လိုက်သကဲ့သို့ သာယာငြိမ့်ညောင်းသော ကျူးရင့်နေကျ မိမိအသံကိုပြုလေ၏။

ကရဝိက်ငှက်၏ သာယာငြိမ့်ညောင်းသော အသံကို ကြားရသောမင်းချင်းတို့မှာ အသံ၌သာ သာယာမိန်း

မူးနေကြ၏။ မိဖုရားကြီးမှာက ထိုသို့မဟုတ် ကြားနေရသော ကရဝိက်ငှက်၏ အသံကို ဘုရားရှင်၏ အသံအဖြစ် အောက်မေ့ကြည်နူးကာ "တိရစ္ဆာန်ဖြစ်သော ဤကရဝိက်ငှက်၏ အသံသည်ပင် ဤမျှလောက်ချိုသာ ကြည်လင်သေး၏။ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီးသော မြတ်စွာဘုရားအသံတော်သည် အဘယ်မျှလောက် ချိုသာကြည်လင်လိမ့်မည်နည်း"ဟု ကြံစည်လျက် ကရဝိက်ငှက်၏အသံကို ဘုရားရှင်၏ အသံတော်အဖြစ် ကြည်နူးအောက်မေ့ထားသော ပီတိကို အခြေခံလျက် ထပ်ကာတလဲလဲကြည်နူးဝမ်းမြောက်စိတ်ကို ပွားများရင်း ခုနစ်ရာသော မောင်းမတို့နှင့်တကွ သောတာပန်အဖြစ်သို့ ရောက်ရှိသွားလေတော့သတည်း။

သစ္စာ- ၉၂-ဩဂုတ်

## ၁၅။ အဆိပ်ကို အဆိပ်လို့မမှတ်နှင့်

'နှစ်ထပ်ဆွမ်းစားကျောင်း ဆောက်နေတယ်ကွ၊ ဒါပေမယ့် အလုပ်သမားတွေက ဘိလပ်မြေလဲ ခိုးတယ်၊ သံလဲခိုးတယ်၊ ပြီးတော့ ဆေးသုတ်တဲ့သူတွေက ဆေးခိုးတယ်ကွ၊ ငါက မခိုးပါနဲ့လို့လဲ မပြောချင်ဘူး၊ ငါနမြော လို့ ပြောတာမဟုတ်ဘူး၊ သူတို့ခိုးနေတာက သံဃိကပစ္စည်း တွေကွ"

စာရေးသူနှင့် ရင်းနှီးသော ဆရာတော်တစ်ပါးက အမိန့်ရှိသည်၊ ဆရာတော့်စကားထဲတွင် သံဃိကပစ္စည်းဟူ သော စကားလုံးကိုကြားရ၍ အတော်ပင်ထိတ်လန့် တုန်လှုပ် သွားမိပါသည်။ ဆက်လက်၍ သံဃိကပစ္စည်းနှင့် ပတ်သက် သည့်အကြောင်းများကို တွေးဖြစ်မိပါသည်။

နဝိသံ ဝိသမိစ္စာဟု
ခန် သံဃဿ မုစ္စတေ
ဝိသံ ဇက်ဝ ဟနတိ
သဗ္ဗ သံဃဿ ဟနတိ။

(လောကနီတိ)

(လောက၌ အဆိပ်ကို အဆိပ်ဟု မဆိုအပ်ကုန်၊ သံဃာ၏ ဥစ္စာကို အဆိပ်ဟူ၍ဆိုအပ်၏။ အဆိပ်သည် တစ်ကြိမ်သာလျှင် သတ်တတ်၏။ သံဃာ၏ ဥစ္စာသည်ကား အကြိမ်ကြိမ် အဖန်ဖန်သတ်တတ်၏။ ထို့ကြောင့် သံဃာ၏ ဥစ္စာကိုသာ အဆိပ်ဟု ဆိုအပ်၏)

အဆိပ်ကို စားမိသော လူတစ်ယောက်သည် ပစ္စုပ္ပန်ဘဝ၌ တစ်ကြိမ်သာသေ၍ အပယ်သို့မကျရောက်နိုင်၊ ကုသိုလ်ကံ အားလျော်စွာ ရောက်သင့်ရောက်ထိုက်သော နတ်ပြည် သုဂတိနှင့်ရသင့်ရထိုက်သော ဈာန် မဂ်, ဖိုလ်တို့ကို ရနိုင်ပါသည်။ သံဃာ၏ ဥစ္စာကို သုံးစားမိသော လူတစ်ယောက်သည် သေလွန်သည့်အခါ ငရဲသို့ နှစ်ပေါင်းများစွာ ကျရောက်ရ၏။ ငရဲမှ လွတ်လာပါကလည်း မကောင်းသော ပြိတ္တာ, အသူရကာယ်စသော ဒုဂ္ဂတိဘုံများသို့ လားရောက်ရ၏။ သို့အတွက် လူတို့ခေါ်ဝေါ်ပြောဆိုကြသော အဆိပ်ကို အဆိပ်ဟူ၍ မမှတ်သင့်ပါ။ သံဃိကပစ္စည်းဟူသော သံဃာ၏ ဥစ္စာကိုသာ အဆိပ်ဟူ၍ မှတ်သင့်ပါသည်။

ရှေ့က ကောင်းလို့ နောက်ကောင်းတယ်၊ နောက်ကောင်း နောင်ကောင်းပါလိမ့်မယ်။

ရှေ့က မကောင်းလို့ နောက်မကောင်းတယ်၊ နောက် မကောင်း နောင်မကောင်းပါလိမ့်မယ်။

ဆရာတော့်ကျောင်းတွင် လုပ်ကိုင်နေသော ပန်းရန်သမားများသည် ရှေးအတိတ်ဘဝက ကုသိုလ်ကောင်းမှု နည်းခဲ့၍ ယခုဘဝတွင် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေကြရသည်။ ထိုသို့ဆင်းရဲပင်ပန်းစွာ လုပ်ကိုင်နေရခြင်း အကြောင်းကို ၎င်းပန်းရန်သမားတို့ ဂရုပြုဟန်မတူ။ ထို့ပြင်မက လာမည့်ရှေ့ဘဝတွင် ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်ကြရဖို့ အရေးကိုပင် ဆက်လက်ပါရမီဖြည့်ကျင့်နေကြဟန် တူသည်။

မြန်မာပြည်တွင် သံဃာနှင့် ဆက်စပ်လျက်ရှိသော အဖွဲ့အစည်းများစွာရှိပါ၏။ ထိုအဖွဲ့အစည်းများစွာမှ လူများသည် မိမိတို့၏ ကိုယ်အား ဉာဏ်အား ငွေအားများဖြင့် ကိုယ်ကျိုးမဖက် သာသနာတော်အဓွန့်ရှည်ရေးအတွက် အားကျိုးမာန်တက် ဆောင်ရွက်နေကြပါ၏။ အကယ်၍ ထိုအဖွဲ့အစည်း အချို့မှ အချို့သောသူတို့သည် မဆင်မခြင် တမလွန်ဘဝအတွက် ယူသွားစရာ ကုသိုလ်တို့ကို မထုပ်မိဘဲ အဆိပ်ထုတ်ကို ထုပ်မိလျှင်တော့ သံသရာအတွက် မတွေးဝံ့စရာပင် ဖြစ်ပါသည်။ သံဃိကပစ္စည်းများကို မရိုမသေသုံးစွဲခြင်း စားသောက်ခြင်းတို့ကြောင့် အပြစ်ခံ

စားရပုံ သာဓကဝတ္ထုများစွာ ရှိပါသည်။ အထူးသဖြင့် သံဃိက ပစ္စည်းကို မရိုမသေသုံးစွဲ စားသောက်သူတို့သည် ပြိတ္တာဖြစ်သွားကြသည်က များပါသည်။

## သူစိလောမဘီလူး

ကဿပဘုရားရှင်လက်ထက်က ဖြစ်သည်။ သီလ စင်ကြယ်၍ စိတ်ထားကောင်းသော ရဟန်းတစ်ပါးသည် အရပ်တစ်ပါးမှ ပြန်လာ၏။ ထိုရဟန်းသည် အဝေးမှ ပြန်လာရသည့်အတွက် ခန္ဓာကိုယ်တွင် ချွေး, အညစ် အကြေးများ လိမ်းကျံနေ၏။ ရဟန်းသည် ပညာရှိဖြစ် သော်လည်း သတိမေ့လျော့ကာ ချွေးအညစ်အကြေး လိမ်းကျံနေသော ခန္ဓာကိုယ်ဖြင့် သံဃိကကုဋင်ပေါ်သို့ အမှတ်တမဲ့အိပ်မိ၏။ ထိုအမှတ်တမဲ့ပြုမိသော အပြစ်သည် ပျံလွန်တော်မူသည့်အခါ အမှိုက်တို့ကို စွန့်ပစ်ရာ ဃယာရွာ ၏အနီး၌ အမွေးတွေက အပ်တွေဖြစ်ပြီး သူစိလောမ အမည်ရသည့် ဘီလူးဖြစ်သွားရ၏။ အပ်ကဲ့သို့သော အမွေးတို့သည် သူစိလောမ ဘီလူးကို ဒုက္ခအကြီးအကျယ် ပေးနေသည်။ သူစိလောမ ဘီလူးသည် အပ်ကဲ့သို့သော အမွေးတို့၏ စူးရှခြင်းကို အမြဲခံနေရလေ၏။

## ခရလောမ ဘီလူး

သူစိလောမ၏မိတ်ဆွေ ဥပါသကာတစ်ယောက် သည် သီလကို လုံခြုံအောင် စောင့်ထိန်းလေ့ရှိသည်။ တစ်နေ့ ထိုဥပါသကာသည် ကျောင်းသို့ ဥပုသ်စောင့်ရန်လာ၏။

ကျောင်းအရောက်တွင် အမှတ်တမဲ့ နံရံကို မှီလိုက်မိသည်။ ထိုအမှတ်တမဲ့ ပြုမိသောအပြစ်သည် သေလွန်သောအခါ သူစိလောမဘီးလူ၏ အနီးအပါး၌ အမွေးအလွန်ပေါသော ခရလောမ အမည်ရသည့် ဘီလူး ဖြစ်သွားလေ၏။ သီလရှိသူပင် ဖြစ်သော်လည်း သံဃိက ပစ္စည်းကို မရိုမသေ သုံးစွဲမိသည့်အတွက် ဘီလူးဖြစ်သွားရသည်မှာ အံ့ဩဖို့ အတော်ပင်ကောင်းနေပါသည်။

ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုးပြိတ္တာများ

ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေလျှင် ကိုးဆယ့်နှစ်ကမ္ဘာ ထက်၌ ဖုဿမည်သောဘုရားသည် ပွင့်တော်မူ၏။ ဖုဿ ဘုရားရှင်၏ ခမည်းတော်သည် 'ဤဘုရားသည်ငါ၏ သားတော်ဖြစ်၍ ငါတစ်ဦးတည်းသာပိုင်သည်။ ဘုရား၏ တပည့်သံဃာတို့သည်လည်း ငါ၏ သံဃာတို့သည်သာဖြစ် ၏'ဟူသော ခံယူချက်ဖြင့် မည်သူ့ကိုမျှ ကိုးကွယ်ဆည်းကပ် ခွင့် ပြုစုလုပ်ကျွေးခွင့် မပေးချေ။

တစ်နေ့သ၌ မြတ်စွာဘုရား၏ အမိဝမ်းကွဲ ဖြစ်သော ညီနောင်သုံးဦးတို့သည် မြတ်စွာဘုရားနှင့် တပည့်သံဃာတို့ကို လုပ်ကျွေးပြုစုခွင့် မရကြသည်ဖြစ်၍ ပစ္စန္တရာဇ်၌ သူပုန်ထကြကြောင်း ပရိယာယ်ပြုကာ လျှောက် ကြ၏။ မင်းကြီးသည် ထိုညီနောင်သုံးဦးတို့အား သူပုန်ထရာ သို့စေလွှတ်၏။ သူပုန်တို့ကို နှိမ်နင်း၍ ပြန်လာကြသည့်အခါ မင်းကြီးသည် လိုရာဆုကို တောင်းစေ၏။ ညီနောင်

သုံးဦးတို့သည်။ ဘုရားနှင့်တကွ တပည့်သံဃာတို့အား ပြုစုလုပ်ကျွေးခွင့်ကို တောင်းကြ၏။ ထိုဆုမှတစ်ပါး အခြားဆုကို တောင်းစေ၏။ မင်းသားတို့သည် တခြား ဘာဆုကိုမျှ မယူကြချေ၊ မြတ်စွာဘုရားနှင့် တပည့်သံဃာတို့အား လုပ်ကျွေးပြုစုခွင့်ကိုသာ အထပ်ထပ် အခါခါ တောင်းလေ၏။ နောက်ဆုံးမင်းကြီးသည် သုံးလ ပြုစုလုပ်ကျွေးခွင့်ကို ပေးလိုက်၏။ ညီနောင်သုံးဦးတို့သည် မိမိတို့၏ ဇနပုဒ်တို့ကို လွှဲအပ်ထားသော တိုင်းမှူး၏ အကူအညီကို ယူကာ တစ်သောင်းတစ်ထောင်သော ဇနပုဒ်သားတို့နှင့် မြတ်စွာဘုရားနှင့်တပည့်သံဃာတို့ အား လျှုဖွယ်ပစ္စည်း ဝတ္ထုတို့ဖြင့် ပြုစုလုပ်ကျွေးကြ၏။ သို့သော် ထိုတစ်သောင်း တစ်ထောင်သော ဇနပုဒ်သားတို့တွင် အချို့သော ဇနပုဒ်သားတို့သည် ဆန့်ကျင်သောစိတ် ရှိကြသည်ဖြစ်၍ မြတ်စွာဘုရားနှင့် တပည့်သံဃာတို့အတွက် ရည်စူးထားကာ သံဃာ၏ ဥစ္စာဖြစ်သော လှူဖွယ်ဝတ္ထုတို့ကို ယူ၍စားကြ၏။ ထိုမကောင်းမှုသည် ၎င်းတို့သေလွန်သည့်အခါ ငရဲသို့ ကျရောက်ရလေ၏။

သို့ဖြင့် ကိုးဆယ့်နှစ်ကမ္ဘာ ငရဲမှာ ခံရင်းဖြင့် ဘဒ္ဒကမ္ဘာအရောက်တွင် ကဿပဘုရားရှင် လက်ထက်၌ ငရဲမှတက်၍ ပြိတ္တာဖြစ်ကြရပြန်၏။ နောက်ဆုံး ဂေါတမဘုရားရှင်လက်ထက်ရောက်မှ ဗိမ္ဗိသာရမင်းကြီးက ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေလိုက်မှ ပြိတ္တာဘဝက လွတ်ကြ

ရ၏။ ဗိမ္ဗိသာရမင်းသည် တစ်ချိန်က ထိုတိုင်းမှူးဘ၀တွင် ထိုပြိတ္တာဖြစ်သောသူတို့နှင့် ဆွေမျိုးတော်ခဲ့ဖူးလေ၏။

သံဃာအား ပေးလှူခြင်းသည် များစွာသော အကျိုးကို ပေးစေသလို သံဃာ၏ဥစ္စာကို မရိုမသေသုံးစွဲခြင်း၊ စားသောက်ခြင်းသည်လည်း များစွာသော အပြစ်ကို ဖြစ်စေပါသည်။ သို့အတွက် သံဃာ့အဖွဲ့အစည်းများတွင် လုပ်ကိုင်ဆောင်ရွက်နေကြသောသူများသည် အမှတ်တမဲ့ မဆင်မခြင် သုံးစွဲစားသောက်မိပါက ၎င်းတို့၏ သံသရာ အရေးသည် အတွေးဝံ့စရာပင် ဖြစ်ပါသတည်း။

သစ္စာ–၉၃၊ မတ်

## စာအုပ် မွေ့ဒါနအလှူရှင်များ

| | | |
|---|---|---|
| ၁။ | အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ) | ၃၀၀၀၀၀ |
| ၂။ | ဦးသိန်းအေး+ဒေါ်လဲ့လဲ့<br>သမီး-ယမင်းထက်(၁၆)လမ်း။ | ၅၀၀၀၀ |
| ၃။ | ဦးကောင်းရင်+ဒေါ်အေးမြင့် | ၂၀၀၀၀ |
| ၄။ | ဦးရိန်ဝင်း+ဒေါ်ခင်ချိုဦး<br>(တက်လမ်းဆောက်လုပ်ရေး) | ၁၀၀၀၀ |
| ၅။ | ဒေါက်တာညွန့်ညွန့်လွင်<br>(အင်းယားရိပ်သာ) | ၁၀၀၀၀ |
| ၆။ | ဒေါ်ခင်စောတင့် | ၁၀၀၀၀ |
| ၇။ | ဦးစိန်ဝင်း+ဒေါ်သိန်းသိန်း | ၆၀၀၀ |
| ၈။ | ယောဂီတစ်ဦး | ၅၀၀၀ |
| ၉။ | ဒေါ်စန်းရီ(သဒ္ဓမ္မရံသီရိပ်သာ) | ၅၀၀၀ |
| ၁၀။ | ဒေါက်တာသန်းဝင်း+ဒေါက်တာနီနီတင် | ၅၀၀၀ |
| ၁၁။ | မစိုးရူပါ(ကျောက်မြောင်း) | ၅၀၀၀ |
| ၁၂။ | Hye Song Sunim(Korea Bhikkhunī) | ၆၀၀၀၀ |
| ၁၃။ | Bup Jim Sunim(Korea Bhikkhunī) | ၅၀၀၀ |
| ၁၄။ | Kim Seng Hye (Korea) | ၅၀၀၀ |
| ၁၅။ | Choi Koung Ja (Korea) | ၅၀၀၀ |
| ၁၆။ | Lee Gi Soon (Korea) | ၅၀၀၀ |
| ၁၇။ | Hwang Young Ok (Korea) | ၅၀၀၀ |